


# တွေးလုံးပိုင်မှ ကမ္မဋ္ဌာန်းခွင် ဝင်ပါ

## တရားထိုင်သူများအတွက်

(၂၈၈)

ဟောကြားသည့်နေ့

၂၁ - ၁၁ - ၆၁

ကျေးဇူးတော်ရှင်မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၅) မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# တွေးလုံးပိုင်မှ ကမ္မဋ္ဌာန်းခွင် ဝင်ပါ

(တရားထိုင်သူများအတွက်)

ဟောကြားသည့်နေ့
(၂၁-၁၁-၆၁)

စာမူခွင့်ပြုချက်အမှတ် - ၁၀/၉၈ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၂/၉၈ (၅)

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

## အဂ္ဂမဟာပဏ္ဍိတ
## မိုးကုတ်ဆရာတော်ဘုရားကြီးအပေါ်
## ကျေးဇူးရှင်မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး၏
## သဘောထားမှတ်ချက်

၁။ ကောဇာသက္ကရာဇ် ၁၃၃၇ ခု၊ တပေါင်းလပြည့်ကျော် (၁)ရက်နေ့ (၁၉၆၇ ခု၊ မတ်လ)ညတွင် ရန်ကုန်မြို့သာသနာ့ ရိပ်သာ ဖန်ယဉ်ဓမ္မာရုံကြီး၌ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင်ချုပ်ကျေးဇူးရှင် တိပိဋကဓရဓမ္မဘဏ္ဍာ ဂါရိက မင်းကွန်းဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ ဟောကြားတော်မူခဲ့သော တရားတော်မှ ဖြစ်ပါသည်။

• မန္တလေးမှာ ဘုန်းကြီးများနဲ့ ရင်းနှီးတဲ့ ဒကာတစ်ယောက် နဲ့ စကားပြောကြတဲ့အခါကျတော့ - ဆရာတော်တဲ့၊ တပည့် တော် တရားပွဲစုံစုံရောက်ဖူးတယ်တဲ့၊ ပြောစမ်းပါဗျာ ဘယ် တရားပွဲတွေလဲ?။

ဟာ . . . ဆရာကြီး ဦးလှသိန်းတရားပွဲကိုလည်း ရောက်တယ်၊ ဘာတွေတွေ့သတုံးဗျာ . . .? ဟာ . . . ပရိသတ်ကတော့၊ ပြ(၄)ပြလောက် ပရိသတ်ကိုတွေ့တယ်၊ ပြီးတော့ကောဗျာ . . .?

(၁)

ပြီးတော့ ဝိဇ္ဇောဓရဆရာတော်တို့ အနီးစခန်း ဆရာတော်တို့ တရားပွဲတွေ တပည့်တော်ရောက်တယ်၊ အဲ့ဒီကျ တော့ မဏ္ဍပ်တစ်လုံးပဲ၊ မဏ္ဍပ်လျှံရုံပဲရှိတယ်။ ပြီးတော့ ကောဗျာ . . . ?

အဲဒီတုန်းကတော့၊ မိုးကုတ်ဆရာတော်က မန္တလေးမှာ စခါစရှိသေးတယ်၊ မိုးကုတ်ဆရာတော်ရဲ့ တရားပွဲကို အောင်တော်မူမှာတပည့်တော်သွားပြီး တရားနာတယ်ဘုရားတဲ့၊ (၁၅)ယောက်၊ အယောက်(၂၀)လောက်ပဲရှိတယ်။

ပြီးတော့ကော ကိုခင်မောင်လို့ ဆိုတော့၊ တပည့်တော် အဲ့ဒီလောက်ပဲ ရောက်ဖူးတယ်တဲ့၊ ပြီးပြီလား . . . ?၊ ပြီးပါပြီ ဘုရားတဲ့။

အေး. . . ကောင်းပြီ၊ ဆရာကြီးဦးလှသိန်းက တရားဟော လိုက်တယ်ဆိုရင် ပရိသတ်ရဲ့ အကဲကိုတယ်ပြီးသိတာကိုး၊ ဒီပရိသတ်ခြောက်သွေ့နေတယ်ဆိုရင်၊ ဒီကနေပြီးတော့ ဓမ္မသံဝေဂ လေးချိုးကြီးများ ရွတ်ပြီးတော့ ပေးလိုက်တဲ့အခါ ကျတော့၊ ဟို . . . ရုပ်ရှင်သွားမယ့်လူတွေရော၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲသွားမယ့်လူတွေရော၊ သူတို့နားထောင်ချင်တာ၊ ဒီမှာ ရှိတယ်ထင်ပြီးတော့၊ အဲ့ဒီ (၄)ပြပေါက်လောက်ရှိလာတာပဲဗျ။

တရားပွဲပြီးတဲ့အခါကျတော့၊ ရုပ်ရှင်သွားမယ့်လူတွေက လည်း၊ နောက်ရုပ်ရှင်သွားမြဲသွားတယ်၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲ ကိုလည်း သွားမြဲသွားတယ်။

(၀)

တရားနာရကောင်းစေလို့၊ သိလာတဲ့လူ၊ မဏ္ဍပ်တစ်လုံး စာကတော့ ဝိဇ္ဇောစာရ ဆရာတော်တို့၊ အနီးစခမ်း ဆရာတော်တို့ ၊ ဘုန်းကြီးတို့တရားပွဲတွေမှာ နာတာပေါ့။

အဲ့ဒီတရားပွဲမှာလည်း၊ ဘုန်းကြီးတွေက အလှူဆိုအလှူပွဲနဲ့တန်အောင် ဥပုသ်ဆို ဥပုသ်တရားနဲ့တန်အောင် သင့်လျော်အောင် တရားတွေ ရွေးပေးပြီးတော့ အမျိုးမျိုးဟောရတယ်။

တရားနာတဲ့ပရိသတ်က၊ ဟာ . . . တို့တော့တရားအားထုတ်မှဖြစ်မယ် ဒီတော့တရားသက်သက်ကို အားထုတ်ချင်တယ်ဆိုတော့၊ ထိုထိုကမ္မဋ္ဌာန်းဌာနတွေ၊ ရိပ်သာတွေမှာသွားပြီး တရားအားထုတ်ကြလို့၊ မဏ္ဍပ်ကြီး တစ်လုံးထဲက ဆန်ခါတင်လူတစ်ရာလောက်ပေါ့ဗျာ၊ အဲ့ဒီလိုရိပ်သာသွားကြတယ်။

တစ်ခါရိပ်သာကျပြန်တော့လည်းပဲ၊ ကျင့်စဉ်အတိုင်း ကျင့်လို့ ပြီးပြီဆိုတော့၊ ဈေးရောင်းတဲ့ပုဂ္ဂိုလ်ကလည်း ဈေးပြန်ပြီး ရောင်း၊ ပုတီးလေးနဲ့ပေါ့။

သို့သော် တချို့ကတော့၊ ဈေးကိုမရောင်းချင်တော့ဘူး၊ တစ်ခါတည်းဆက်ပြီးတော့ တရားနဲ့ပဲ၊ နှလုံးသွင်းချင်တဲ့ ပုဂ္ဂိုလ်က ဘယ်သွားပြန်သတုံးဆိုတော့ ဆရာတော်ဦးဝိမလဆီသွားတာပေါ့၊ အဲဒီလို (၁၅)ဦး၊ ဦး(၂၀)ဖြစ်တာပေါ့။

သို့သော် ကိုခင်မောင်ကို ဘုန်းကြီးပြောချင်တယ်ဆိုတော့ . . . ဘယ်လိုတုံးဘုရားတဲ့။

(ဃ)

အေး . . . စာပေ ပရိယတ္တိနဲ့ နေကြတဲ့ မိုးကုတ်ဆရာတော်ဦးဝိမလတို့ နှလုံးသွင်းပုံဟာ၊ အဲဒီပရိသတ်ကိုဟောတဲ့ တရားအထက်နားမှာ၊ တစ်ထွာလောက်၌ ရှိတယ်လို့မှတ်ပြီး ထားစေချင်တယ်။

ဆရာတော်ဘာပြောတာလည်းဘုရား . . ?၊ ဟာ . . စာပေနဲ့နေတဲ့ပုဂ္ဂိုလ်များက တရားနှလုံးသွင်းတယ်ဆိုတာဟာ အခုပြောသလိုပဲ ကမ္မဋ္ဌာန်းစီးဖြန်းတော့ . . . စက္ခုံအနိစ္စံ ဒုက္ခံ အနတ္တံ၊ နေတံမမ၊ နေသောဟသ္မိ၊ နမေသောအတ္တာ၊ သောတံကာယံ ဇိဝှာကာယော မနောအနိစ္စော ဒုက္ခော၊ အနတ္တာ နေတံမမ နေသောဟသ္မိ၊ နမေသောအတ္တာ၊ (မိုးကုတ်ဆရာတော် ဦးဝိမလက) ပါဠိကိုသိသကိုးဗျ . . .။

ဒီလိုသိတော့ သူက ပါဠိက ရွတ်လို့လည်းပဲ၊ သဘာဝဝိယုတ္တိဆိုတာ အရသာတစ်မျိုးရှိတယ်၊ ဓမ္မပီတိလည်းဖြစ်တယ်၊ ဒီဓမ္မရသအတ္ထရသ ပါဠိကပိုပြီး အရသာပေါ်တယ်။

အဲဒါကြောင့် စာချတဲ့ဆရာတော်တွေ နှလုံးသွင်းတာက ဆရာတော်ဦးဝိမလက လူတွေကို နှလုံးသွင်းခိုင်းတာရဲ့ အထက်နားတစ်ထွာလောက်မှာ ရှိတယ်၊ မိုးကုတ်ဆရာတော်က။

၂။ ကောဇာသက္ကရာဇ် ၁၃၃၉ ခု၊ နယုန်လပြည့်ကျော် (၁၃)ရက် (၁၃-၆-၁၉၇၇) တနင်္လာနေ့ ည(၇)နာရီတွင် ကြို့ပင်ကောက်မြို့၊ မဟာလောကသိရီဘုရားကြီး သံတန်ဆောင်းအတွင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ်၊ ကျေးဇူးရှင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဟောကြားတော်မူခဲ့သော တရားတော်မှ ဖြစ်ပါတယ်။

တရားနာပရိသတ်က အကြိုက်(၅)မျိုးရှိကြတယ်၊ ဘယ်သူတွေလည်းဆိုတော့။

၁။ သဒ္ဒပသန္နဆိုတာ အသံကောင်းတာကိုမှကြည်ညိုတာ၊ အသံနေအသံထားကြည်ညိုတဲ့ ပရိသတ်ပေါ့။ နိဗ္ဗာန်မင်္ဂဖိုလ်တော့၊ မရနိုင်ပါဘူး။

၂။ ရူပ ပသန္နဆိုတာ ရုပ်ရေအဆင်းကိုကြည်ညိုတာ၊ ဓမ္မကထိက ကိုယ်တော်ရဲ့ ရုပ်ဆင်းအင်္ဂါ၊ ဥပမိရှိတာကိုကြည်ညိုတဲ့ပရိသတ်၊ သူလည်းမဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ပါဘူး။

၃။ ဂုဏာပသန္နဆိုတာ ဂုဏ်ရှိတဲ့ ဓမ္မကထိကကိုမှကြည်ညိုတာ၊ ဘုန်းကြီးကိုပဲ ဆိုကြပါစို့၊ ဒီဘုန်းကြီးက တိပိဋကဓရတဲ့၊ အင်မတန်ဂုဏ်ရှိတယ်ဆိုပြီး ကြည်ညိုတဲ့ပရိသတ်၊ ဒီပရိသတ်မျိုးလည်း မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ပါဘူး။

၄။ လူခ ပသန္နဆိုတာ ခြိုးခြံခြံခြံ အကျင့်ရှိသူကိုမှ ရွေးပြီးကြည်ညိုတာ၊ ဒီပရိသတ်မျိုးလည်း မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ဘူး။

၅။ ဓမ္မပသန္ဒဆိုတာ တရားဓမ္မသက်သက်ကို ကြည်ညိုတာ။ အဲ့ဒါမျိုးကျတော့ အသံကိုလည်း ပဓာနမထား၊ ရုပ်အဆင်းကိုလည်းမကြည့်၊ ဂုဏ်ကိုလည်းမငဲ့၊ ခေါင်းခေါင်ပါးပါးအကျင့်ကိုလည်း ဂရုမစိုက် ဓမ္မသက်သက်ကိုသာ ကြည်ညိုတဲ့ပရိသတ်မျိုး၊

အဲ့ဒီပရိသတ်မျိုးသာလျှင် ဒီဘဝမှာ တရားထူးရနိုင်တယ်တဲ့။

အဲဒီ ဓမ္မပသန္နပရိသတ်ဆိုတာကတော့ ဦးရေနည်းပါးလှပါတယ်။ အခုခေတ်ဥပမာပြရမယ်ဆိုရင် မိုးကုတ်တရားနာပရိသတ်တို့ကိုပဲပြရမှာပဲ။

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော် ကြီး ဦးဝိမလ၊ အဲဒီဆရာတော်ကြီး ဟောပြတဲ့ ဓမ္မတို့ကတော့၊ အလွန်အင်မတန်မှ ပီသလှပါဇပတယ်၊ တစ်ထိုင်တည်းနဲ့ နိဗ္ဗာန်အရောက် ဦးတည် ပို့ပေးနိုင်တဲ့တရားတော်များလည်းဖြစ်ပါတယ်။

အဲဒီတရားတော်များကို ကြည်ညိုတဲ့ ပရိသတ်မျိုးမှပဲ ဓမ္မပသန္နပရိသတ်မျိုးလို့ ခေါ်းကျူးကြရမှာပဲ။

ပြီးတော့ မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ ဟောတဲ့တရားတော်များကလည်း။ ဘုန်းကြီးတို့ရဲ့ ခေါင်းပေါ် နှစ်တောင်လောက်ကျော်ပြီးသွားတဲ့တရားများ။

ဘာကြောင့်လဲဆိုတော့ ဘုန်းကြီးတို့ အခုပိဋကတ်သုံးပုံကို ဆောင်နိုင်နေတယ်၊ သိနေတယ်ဆိုတာက ဘယ်စာမျက်နှာမှာ ဘယ်အကြောင်းအရာတွေပါတယ်ဆိုတာ မှတ်ထားတာသညာနဲ့ မှတ်တာပေါ့။

မိုးကုတ်ဆရာတော်ကြီးကတော့ ခန္ဓာကိုယ်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာကို ပညာဉာဏ်နဲ့ ထိုးဖောက်ပြီး သိတာ၊ ပညာသိ၊ သိတာ။

၃။ ၁၉၈၂ ခုနှစ်ခန့်က မြစ်ဝကျွန်းပေါ်ဟသ်ာတမြို့၌ ကျွန်တော်တာဝန်ကျစဉ် ဆန်စက်ပိုင်ရှင်တစ်ဦးသည် မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီး ကြွရောက်လာသောအခါ ဆရာတော်အား မေးခွန်းတစ်ပုဒ်မေးမြန်းလျှောက်ထားခဲ့ ပါသည်။

**အမေး** "အရှင်ဘုရား မိုးကုတ်ဆရာတော်ကြီး မြန်မာလို ဟောကြားထားသော တရားတော်များသည် မြတ်စွာဘုရား ဟောကြားသော တရားတော်စစ်စစ်ဟုတ်ပါရဲ့လားဘုရား"ဟု လျှောက်ထားပါသည်။

**အဖြေ** မင်းကွန်းဆရာတော်ဘုရားက ဖြေကြားတော်မူ သည်မှာ "ဒကာကြီး မိုးကုတ်ဆရာတော်ဦးဝိမလဟောကြား ထားသော တရားတော်များထဲမှ ဒကာကြီး သံသယရှိတဲ့၊ မမှန်ကန်ဘူးလို့ ထင်တဲ့တရားတော်ကို ရွတ်ပြပါတဲ့ . . . ?။ ဘုန်းကြီးက ဘုရားဟောတရားတော် ပါဠိတော်၊ စစ်စစ်ဖြစ် ကြောင်း ကျမ်းဂန်အကိုးအကားထုတ်ပြပါ့မယ်" ဟု ဖြေကြား တော်မူခဲ့ပါသည်။

## ၄။ မိုးကုတ်ဆရာတော်ဘုရား၏ ဆုံးမစကား

မိုးကုတ်မြို့တွင် မိုးကုတ်ဆရာတော်ဘုရားသီတင်းသုံးနေစဉ်၊ မန္တလေးမြို့ ရဟန်းပျိုအဖွဲ့မှ သံဃာတော်တချို့ မိုးကုတ်မြို့သို့ ကြွလာကြပြီး ကန့်ကွက်ဆန္ဒပြကြပါသည်။ ထိုအခါ မိုးကုတ်မြို့သူမြို့သားများက မခံမရပ်နိုင်ဖြစ်နေကြသဖြင့် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ဥက္ကဋ္ဌကြီးဦးမြင့်နာယက၊ ကျောင်းအစ်မကြီးဒေါ်သန်းသန်းတို့က ဆရာတော်ထံလျှောက်ထားရာ၊ ဆရာတော်ဘုရားက ဒီကိစ္စမင်းတို့လုပ်တာလား၊ သူတို့လုပ်တာလားလို့ မေးရာ၊ သူတို့လုပ်တာပါဘုရားဟု ဖြေကြားပါသည်။

ထိုအခါဆရာတော်ဘုရားက မင်းတို့ဟာ သူများရဲ့ကုသိုလ်ကိုတော့ ကိုယ့်ကုသိုလ်ဖြစ်အောင် မယူတတ်ဘူး၊ သူများရဲ့ အကုသိုလ်ကို ကိုယ့်အကုသိုလ်ဖြစ်အောင်တော့ ယူတတ်တယ်၊ မင်းတို့ဟာ မင်းတို့နေတတ်အောင်နေပါ၊ မင်းတို့နဲ့မဆိုင်ဘူး၊ ကိုယ့်အကုသိုလ်မဖြစ်စေနဲ့ဟု ဆုံးမစကား မိန့်ကြားတော်မူခဲ့ပါသည်။

သူတော်ကောင်းရတနာ (၇)ပါးပြည့်ဝကြပါစေ . . .

၁၂-၁၂-၂၀၀၄

ဆရာဦးစောလှိုင်

အတွင်းရေးမှူး

## အမှာစာ

ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ဘုရားကြီး အမရပူရမြို့တွင် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏ ပထမဆုံး ဥက္ကဋ္ဌကြီး၊ ဝန်ကြီးဦးအောင်ဇံဝေ နှင့် ဥက္ကဋ္ဌကြီး ဦးသံဒိုင်တို့ နှစ်ဦးအား သီးခြားဟောတော်မူသော တရားတော်ဖြစ်ပါသည်။

အမှုဆောင်အဖွဲ့

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

## တွေးလုံးပိုင်မှ ကမ္မဋ္ဌာန်းခွင် ဝင်ပါ

(တရားထိုင်သူများအတွက်)
ဥက္ကဋ္ဌကြီးဦးအောင်ဖံဝေနှင့် ဥက္ကကြီးဦးသံဒိုင်တို့
နှစ်ဦးအား သီးခြားဟောသောတရားတော်ဖြစ်ပါသည်။
ဟောကြားသည့်နေ့ (၂၁-၁၁-၆၁)

### ရှုမှတ်တဲ့စိတ်လဲဒုက္ခသစ္စာ

ခန္ဓာငါးပါးတွင်တစ်ပါးမေးလည်း ဒုက္ခသစ္စာ၊ ရုပ်မေးလည်း ဒုက္ခသစ္စာ နာမ်ခန္ဓာလေးပါးမေးလည်း ဒုက္ခသစ္စာ၊ ဒါသေသေချာချာမှတ်ပါ။ ဒုက္ခသစ္စာမှတစ်ပါး မရှုမမှတ်တဲ့အချိန်မှာ ဘာမှမရှိဘူးလို့မှတ်ပါ။ ရှုမှတ်တဲ့စိတ်ကလေးတောင် ဒုက္ခသစ္စာပဲ. . . (မှန်ပါ)၊ ဘာဖြစ်လို့တုံးလို့မေးတဲ့အခါ ကျတော့ ဘုန်းကြီးတို့ ဒကာနှစ်ယောက်က မှတ်ရမယ် ဩော် . . .

သူလည်းဖြစ်မှု ပျက်မှုပဲ။ ဟိုကိုတော့ ရှုတယ်၊ ရှုပြီးတော့ သူကလည်း ဖြစ်မှုပျက်မှုရှိတယ်၊ ဖြစ်မှုပျက်မှုရှိသောကြောင့် သူလည်း ဒုက္ခသစ္စာပဲ။ ဒုက္ခ ဒုက္ခချင်း အာရုံပြုနေတာ ဒီလို မှတ်ရမယ် . . . (မှန်ပါ)၊ ဒုက္ခ ဒုက္ခချင်း အာရုံပြုနေတယ်လို့ ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ)။

## ဒုက္ခ၊ ဒုက္ခချင်းအာရုံပြုနေတယ်

ကောင်းပြီ ဒုက္ခ ဒုက္ခချင်း အာရုံပြုနေတော့ ဒီဒုက္ခက ဉာဏ်ပါတဲ့ဒုက္ခ၊ အမြင်ခံရတဲ့ ဒုက္ခက ဉာဏ်မပါတဲ့ဒုက္ခ ဒါပဲထူးခြားတယ် . . . (မှန်ပါ)။

ဒီကဒုက္ခက ဉာဏ်ဦးစီးတဲ့ဒုက္ခ၊ ဟိုကဉာဏ်မပါတဲ့ ဒုက္ခ၊ ဒါကြောင့် ဉာဏ်ဦးစီးတဲ့ဒုက္ခက ဉာဏ်မပါတဲ့ဒုက္ခကိုသိမ်းနိုင်တယ်ဆိုတာ မှတ်ထားပါ . . . (မှန်ပါ)။

## ဉာဏ်ဦးစီးတဲ့ဒုက္ခ

ဉာဏ်ဦးစီးတဲ့ ဒုက္ခက ဉာဏ်မပါတဲ့ဒုက္ခကိုသိမ်းနိုင်တယ်။ ဘာဖြစ်လို့သိမ်းနိုင်သတုံး . . . ပဋိစ္စသမုပ္ပါဒ်ပြတ်လို့သိမ်းနိုင်တယ်။ ပဋိစ္စသမုပ္ပါဒ်မပါရင် တရားမဖြစ်ဘူး။

ကောင်းပြီး . . . ဒီလိုသိထားတော့ ဒီဒုက္ခသစ္စာဟာ ဒု-က စက်ဆုတ်စရာ၊ ခ-က အသုံးမကျတာ၊ သစ္စာ-က မှန်တာ

(ဒု+ခ+သစ္စာ)၊ စက်ဆုပ်စရာ အသုံးမကျတာမှန်တယ်၊ ဒီသုံးနာမည်ရတယ်။ ခန္ဓာငါးပါးမှာသုံးနာမည်ရတယ် . . . (မှန်ပါ)။

ဉာဏ်နဲ့ကြည့်လို့ရှိရင်ဖြင့် စက်ဆုပ်စရာအသုံးမကျတာ အမှန်၊ ဩော် . . . ဒါကြောင့် ဒုက္ခသစ္စာလို့ဆိုတာပဲ။

## ဒုက္ခသစ္စာမှာ ဘာသတ္တိရှိသတုံး

အဲဒီဒုက္ခသစ္စာမှာ ဘာသတ္တိရှိသတုံးလို့မေးဖို့ လိုလာပါတယ်။ ဆုတောင်းထားတဲ့ပုဂ္ဂိုလ်ကို ဉာဏ်တာမဖက်အမြန်နှိပ်စက်တတ်တယ်။ ဆုမတောင်းတဲ့ပုဂ္ဂိုလ်မလိုချင်တဲ့ပုဂ္ဂိုလ်၊ ဒုက္ခချုပ်သွားတဲ့ပုဂ္ဂိုလ်ကျတော့ မနှိပ်စက်နိုင်တော့ဘူး. . . (မှန်ပါ)။

ဆုတောင်းတဲ့ပုဂ္ဂိုလ်ကို နှိပ်စက်တယ်။

ခင်ဗျားတို့ အခုခန္ဓာကိုယ်မှာ ဥဒယဗ္ဗယနဲ့ အမြဲတမ်းနေရတာ ကံမကောင်း အကြောင်းမသင့်လို့ မဟုတ်ပါဘူး။ တဏှာလုပ်ထားလို့ ဒုက္ခသစ္စာပေါ်နေတာလို့သေသေချာချာမှတ်ပါ . . . (မှန်ပါ)၊ တဏှာသမုဒယက ဆုတောင်းအဖြစ်နဲ့ သော်လည်းကောင်း၊ ဆုမတောင်းဘဲနဲ့သော်လည်းကောင်း လုပ်ပြီးထားလို့ ဒုက္ခသစ္စာဖြစ်ရပါတယ် . . . (မှန်ပါ)။

## ဆုတောင်းတဲ့ပုဂ္ဂိုလ်ကို နှိပ်စက်တယ်

ကောင်းပြီ ဒီဒုက္ခသစ္စာက ဘယ်သတ္တိရှိသတုံးဆိုတော့ ဆုတောင်းထားတဲ့ပုဂ္ဂိုလ်ကို ညှာတာမဖက် အမြဲနှိပ်စက်တယ် . . . (မှန်ပါ)။

ဘယ်သူ့ကိုနှိပ်စက်သတုံး . . . (တောင်းထားတဲ့ပုဂ္ဂိုလ်ကို ညှာတာမဖက် အမြဲနှိပ်စက်ပါတယ်ဘုရား)၊ နှိပ်စက်ဆိုတာသည် အထည်ပျောက်နှိပ်စက်တယ်လို့မှတ်ပါ . . . (မှန်ပါ)။

## နှိပ်စက်တာ အမျိုးမျိုးရှိတယ်

နှိပ်စက်တာကလည်း အမျိုးမျိုးရှိတယ်၊ အထည်ပျောက်အောင်နှိပ်စက်တာလည်းရှိတယ်၊ အထည်မပျောက်ဘဲနဲ့ နှိပ်စက်တာလည်းရှိတယ်။ အခု ဒုက္ခသစ္စာအစစ်က အထည်ပျောက်နှိပ်စက်တာကိုဆိုပါတယ်၊ ဒါကိုလည်း ထူးထူးခြားခြားမှတ်ပါ . . . (မှန်ပါ)၊ ဒါကြောင့် ဉာဏ်နဲ့ရှုလိုက်တဲ့အခါကျတော့ မရှိတာချည်းတွေ့နေတယ်၊ မရှိတာချည်းတွေ့နေတော့ ဒါဘာတွေ့သတုံး. . . အထည်ပျောက်နှိပ်စက်ပစ်လိုက်လို့မရှိတာတွေ့တာ၊ အဲဒီမရှိတာတွေမှ ဩော် . . . ဒုက္ခရောက်သွားတာ အမှန်ပါလားဆိုတာ ပေါ်လာတယ်။ အထည်ပျောက် ပျောက်သွားမှ ဒုက္ခရောက်တာ အမှန်လို့သိတယ်. . . (မှန်ပါ)။

## အထည်မကျန်ရင်ဒုက္ခသစ္စာ

လောကီဥပမာ ပြောကြပါစို့ဆိုတော့၊ ဂျပန်ခေတ်က ဗုံးတွေကျတယ်။ အိုးတိုခွက်စ တိုင်တွေကျန်ရစ်တယ်။ အဲဒါ အထည်ပျောက်မဟုတ်လား . . . (မှန်ပါ)၊ ဘာမှကိုရှာမတွေ့ အောင်ပျက်မှ ဒုက္ခသစ္စာ၊ အထည်ကျန်နေရင်မရဏထဲသွင်းပါ။ အထည်မကျန်ရင် ဒုက္ခသစ္စာထဲသွင်းပါ . . . (မှန်ပါ)။

အထည်ကျန်ရင် . . . (မရဏထဲသွင်းပါ)၊ မရဏ အထည်ကျန်တယ်။ ဒုက္ခသစ္စာက အထည်မကျန်ရဘူး . . . (မှန်ပါ)၊ အဲဒီတော့ မရဏက သမထဘက်ကိုအားပေးတယ်။ ဒုက္ခသစ္စာက ဝိပဿနာဘက်အားပေးတယ်။ ဒီလိုထူးထူးခြား ခြားလည်းမှတ်ပါအုံး။ သို့သော်မရဏာနုဿတိသည် ဒုက္ခသစ္စာ နဲ့နီးတယ်။ နှလုံးသွင်းတဲ့ပုဂ္ဂိုလ်မှာ ဒုက္ခသစ္စာဟောလိုက်တဲ့ အခါမှာသူဟာနိဗ္ဗာန်ရလွယ်တယ်။ မရဏာနုဿတိအားကြီးတဲ့ ပုဂ္ဂိုလ်က . . . (မှန်ပါ)၊ ဘာကြောင့်တုံးမေးလိုက်တဲ့အခါ ကျတော့ သူက ဥပနိဿယသတ္တိနဲ့ အနိစ္စကိုသွားပြီး ကျေးဇူးပြု တယ်(ဝါ)ဒုက္ခသစ္စာကို သွားပြီးကျေးဇူးပြုတယ်။ ဒါကြောင့် မရဏာနုဿတိဟာ ဒုက္ခသစ္စာကို အကူအညီပေးတယ် . . . (မှန်ပါ)။

ဒါကြောင့် မရဏာနုဿတိကို အိပ်ရာဝင်တဲ့အခါ နှလုံးသွင်းပြီးတော့ သူ့ကိုနှလုံးသွင်းပြီးမှ ဒီဒုက္ခသစ္စာကို ရှုလို့ ရှိရင် ပိုမိုပြီးကောင်းပါတယ် . . . (မှန်ပါ)။

## များများခင်ရင် များများနှိပ်စက်တယ်

ကောင်းပြီ . . . ဒါဖြင့် ဘယ်သူ့ကိုနှိပ်စက်သတုံးဆို တော့ နှစ်ယောက်မရှိဘဲနဲ့ နှစ်ယောက်ပြောနေရခြင်းဟာ သမုဒယသစ္စာအားကြီးတဲ့ပုဂ္ဂိုလ်ကို ဒုက္ခသစ္စာကနှိပ်စက်တာပဲ . . . (မှန်ပါ)၊ သမုဒယနည်းနည်းရှိတဲ့ပုဂ္ဂိုလ်ကို နည်းနည်းပဲ နှိပ်စက်တယ်။ သမုဒယများများရှိတဲ့ပုဂ္ဂိုလ်ကို များများနှိပ်စက် တယ်လို့ဆိုတာ သေသေချာချာမှတ်ပါ . . . (မှန်ပါ)။

ဘယ်နှယ်ကြောင့်တုံးလို့ မေးတဲ့အခါကျလို့ရှိရင် နည်းနည်းခင်တော့ နည်းနည်းဒုက္ခရောက်တာကိုထောက်ကြည့်၊ များများခင်လို့ များများဒုက္ခရောက်တာကိုထောက်ကြည့်ပါ၊ အကြမ်းအားဖြင့် အလွန့်အလွန်ခင်ရင် အလွန့်အလွန်ဒုက္ခ ရောက်တယ်ဆိုတာ ခင်ဗျားတို့ ခင်လို့ဖြစ်ပါတယ်။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒုက္ခသ ပိဋ္ဌနဋ္ဌော တဲ့။ ကိန်းရာပုဂ္ဂိုလ်ကို ဆုတောင်းထားတဲ့ပုဂ္ဂိုလ်ကို ဆုတောင်းလို့ရထားတဲ့ပုဂ္ဂိုလ်ကို သမုဒယသစ္စာသမားကို ညှာတာမဖက် အမြဲနှိပ်စက်တယ်။ သဘောကျပြီလား . . . (မှန်ပါ)၊ ဘာနဲ့အရင်နှိပ်စက်သတုံးဆိုတော့ ကာယိကဒုက္ခနဲ့ ရှေးဦးစွာနှိပ်စက်တယ်၊ ပြီးတော့မှ စေတသိကဒုက္ခနဲ့ နှိပ်စက်တယ် . . . (မှန်ပါ)။

## ကာယိကဒုက္ခစေတသိကဒုက္ခ

ကာယိကဒုက္ခဆိုတာ ခန္ဓာကိုယ်၌ ဆင်းရဲမှုတွေ ၉၆ ပါးသော ရောဂါဝေဒနာစသည် ကိုယ်ပေါ်ရောက်လာတာမျိုးဆိုပါတယ်။ စေတသိက ဒုက္ခဆိုတာရောက်လာတဲ့အတွက် မခံနိုင်တဲ့ ဒေါမနဿ ဝေဒနာကိုဆိုပါတယ် . . . (မှန်ပါ)၊ ကာယိကဒုက္ခက ဒုက္ခ သဟဂုက်ကာယဝိညာဏ်ကိုဆိုပါတယ်။

ကာယိကဒုက္ခနဲ့ အရင်နှိပ်စက်ပြီး စေတသိကဒုက္ခကို ကြီးပွားအောင်လုပ်တယ်။ ဘယ်သူ့ကိုလုပ်သတုံးဆိုတော့ ဆုတောင်းထားတဲ့ပုဂ္ဂိုလ်ကို ဒီနှစ်ခုပေးလိုက်ပါတယ်။ ဒုက္ခသစ္စာက . . . (မှန်ပါ)။

နောက်မှ သူတို့၏အဖော်တွေဖြစ်တဲ့ ကာယိကဒုက္ခ စေတသိကဒုက္ခတို့၏ အဖော်ဖြစ်တဲ့ ၉၆ ပါးတွေကို အဝင်ခံတယ်။ ကာယိကဒုက္ခ စေတသိကဒုက္ခက . . . (မှန်ပါ)၊ ဒီပုဂ္ဂိုလ် ဆုတောင်းပြည့်အောင် အလုံးစုံအကုန်နှိပ်စက်မဟော့ ဆိုပြီး သကာလ သူသည် သူ့အဖော် သူ့အသင်းအပင်းနဲ့တကွ လာပြီး နှိပ်စက်တယ်လို့ ဦးသံဒိုင်တို့ ဦးအောင်ဇံဝေတို့ မှတ်ရမယ်. . . (မှန်ပါ)။

တစ်ခုတည်းနှိပ်စက်သည်မဟုတ်ဘူး။ စေတသိကဒုက္ခ လာတော့ မခံသာတဲ့ဒေါသ ပျောက်ချင်တဲ့လောဘစသည့်တွေ . . . ဒါတွေလည်း လာတော့တာပဲ . . . (မှန်ပါ)၊ လာတဲ့

အတွက် ထောင့်ငါးရာကိလေသာဝိုင်းတာပဲ ထောင့်ငါးရာ ကိလေသာ၏ အဖော်တွေဖြစ်တဲ့ ၉၆ ပါးသော ရောဂါတွေ ၂၅ ပါးသော ဘေးတွေ ဒါတွေဟာ ကာယိက ဒုက္ခ စေတသိက ဒုက္ခရှိတဲ့ ပုဂ္ဂိုလ်ကိုမှ နှိပ်စက်ခြင်း ရှိပါတယ်. . . (မှန်ပါ)။

## ဒုက္ခမျိုးစုံပေးတယ်

ဒါကြောင့် ဒီခန္ဓာကိုယ်ကြီးကို ခဏခဏပြောင်းချင်တာသည် ကာယိကဒုက္ခ၊ မပြောင်းခင်က ကာယိကဒုက္ခ၊ မခံနိုင်လို့ ပြောင်းပြန်တော့၊ စေတသိကဒုက္ခ . . . (မှန်ပါ)၊ ဖြစ်ပေါ်စ ကာယိကဒုက္ခ၊ မခံနိုင်လောက်အောင်ဖြစ်လာရင် စေတသိက ဒုက္ခ။ ဒီဒုက္ခ နှစ်ခုနဲ့ ဆုတောင်းထားတဲ့ ပုဂ္ဂိုလ်ကို ဆုတောင်း ပြည့်အောင် လုပ်ပါတယ် . . . (မှန်ပါ)၊ လူခန္ဓာရရ ပါလို၏ နတ်ခန္ဓာရရပါလို၏ဆိုတဲ့ တဏှာနဲ့တောင်းထားတဲ့ ပုဂ္ဂိုလ်ကို ဒုက္ခသစ္စာမှန်းမသိလို့ တောင်းထားတဲ့ပုဂ္ဂိုလ်ကို ဒုက္ခမျိုးစုံပေးပါတယ်. . . (မှန်ပါ)။

ဒုက္ခမျိုးစုံပေးတယ်ဆိုတော့ ကာယိကဒုက္ခ စေတသိက ဒုက္ခ၏ အဖော် ဘယ်သူတုံး ၉၆ ပါးသော ဘေး၊ ၂၅ ပါးသော ဘေး၊ ၃၂ ပါးသော ကံကြမ္မာတွေ၊ ဘာကြောင့်တုံး . . . အညီ ရှိလို့ ယင်အုံတာ . . . (မှန်ပါ)၊ အဲဒီလိုနှိပ်စက်ပြီးသကာလ နေခြင်းကြောင့် ဒီလက်ရှိခန္ဓာကိုယ်ငါးပါး ဥပါဒါနက္ခန္ဓာကြီးဟာ

စက်ဆုပ်စရာ အသုံးမကျတာအမှန်ဖြစ်တယ်လို့ ဒီကျအောင် ဖြစ်တဲ့ဟာ ဒါတွေကို ဖြစ်ပျက်ကနေပြီး သစ္စာရောက်အောင် ဉာဏ်ကသွားပေးရမယ် . . . (မှန်ပါ)။

## သစ္စာမြင်မှ တဏှာသေတယ်

ဖြစ်ပျက်ကနေပြီး သစ္စာရောက်အောင် ဉာဏ်ကသွားပစ်လိုက်တဲ့ အခါကျတော့ တရားလမ်းဆုံးနိုင်တယ် . . . (မှန်ပါ)၊ ဖြစ်ပျက်ဟာ ဉာဏ်ထဲမှာလမ်းမဆုံးသေးဘူး။ ဘာကြောင့်တုံး ဖြစ်ပျက်သည် အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာကိုသာပြ၍ စက်ဆုပ်စရာ အသုံးမကျတာ အမှန်ဆိုတဲ့ဆီကို မရောက်သေးဘူး။ စက်ဆုပ်စရာအသုံးမကျတာ အမှန်ဆိုတဲ့ ဆီကိုရောက်သွားမှ ဘုန်းကြီးတို့ဒကာ ဒကာမတွေ၌ တဏှာဟာပိုမိုပြီးသကာလပါးသွားတယ် . . . (မှန်ပါ)၊ အသိကြီးလို့ အပါးပိုသွားတယ်၊ ကိလေသာပါးတာပို သွားတယ် (မှန်ပါ)၊ အသိနည်းလို့ရှိရင် အနိစ္စလောက်သိနေရင် ကိလေသာမပါးသေးဘူး။ အနိစ္စကခံသာတဲ့အဖြစ်ကို သူသွားမြင်နေသေးတယ်။ ဒုက္ခသစ္စာက မခံသာတဲ့အဖြစ်ကို သွားမြင်တော့ ခံသာမှုနဲ့ မခံသာမှုသည် မခံသာမှုက တဏှာကိုသေစေနိုင်တယ်. . . (မှန်ပါ)၊ သစ္စာမြင်မှ တဏှာသေတယ်။ အနိစ္စမြင်ခြင်းကြောင့် တဒင်္ဂပဲသေတယ်။ ဘာကြောင့်တုံး စက်ဆုပ်

စရာအသုံးမကျတာအမှန်ဆိုတာကို ဉာဏ်မထိုးထွင်းနိုင်လို့ သူကတဒင်. . . (မှန်ပါ)၊ ဟို စက်ဆုပ်စရာ အသုံးမကျတာ အမှန်တကယ်အစစ်ကိုမြင်သွားလို့ရှိရင် တဏှာဒိဋ္ဌိက သူ့ထုံးစံအတိုင်း လေးပိုင်းတစ်ပိုင်းပါးသွားရမယ်. . . (မှန်ပါ)။

## သစ္စာမြင်မှ အမြစ်ပြတ်တယ်

အဲ့ဒီတော့ သစ္စာမြင်မှုနဲ့ အနိစ္စရိုးရိုးမြင်မှုနဲ့ ဒီနေ့ညမှာ ခြားခြားနားနားပေါ်တယ်လို့ အောက်မေ့ရမယ် . . . (မှန်ပါ)၊ သစ္စာမြင်က ကိလေသာကိုပိုပြီးပါးတယ်. . . (မှန်ပါ)၊ အနိစ္စမြင်မှုသည် ပါးပါတယ်၊ ပါးပင်ပါးငြားသော်လည်း တဒင်ပဲ ပါးတယ်။ သစ္စာမြင်လိုက်ရင် အမြစ်ပြတ်တယ်ဆိုတော့ အများကြီးကွာခြားပါတယ် . . . (မှန်ပါ)။

ဝုန်းခနဲတက်လို့ရပါသလားလို့ အခုတရားနာတဲ့ ပုဂ္ဂိုလ်တွေမေးတော့ ဝုန်းခနဲတက်လို့မရဘူး၊ သူအမြင်သန်မှ သစ္စာသွားဆိုက်တာ . . . (မှန်ပါ)၊ အပြောသစ္စာမဟုတ်ဘူး၊ ဉာဏ်တက်သွားတဲ့သစ္စာကိုဆိုပါတယ်. . . (မှန်ပါ)၊ အပြောသစ္စာမဟုတ်ဘူး၊ ဉာဏ်တက်သွားတဲ့သစ္စာ. . . (မှန်ပါ)၊ အနိစ္စကနေပြီး ကူးတဲ့ဉာဏ်တက်သွားတဲ့ သစ္စာဉာဏ်ကိုဆိုပါတယ် . . . (မှန်ပါ)။

## သစ္စဉာဏ်ရမှကိစ္စဉာဏ်ရတယ်

အဲဒီသစ္စဉာဏ်ရမှ ပိဋ္ဌနဒွေဘဆိုတဲ့ ကိစ္စဉာဏ်က ရပါတယ် . . . (မှန်ပါ)၊ သစ္စာသိတာက သစ္စဉာဏ်၊ နှိပ်စက်တာကိုသိတာက ကိစ္စဉာဏ်. . . (မှန်ပါ)၊ နောက်ကိစ္စဉာဏ်ရင့်သန်လာတဲ့အခါကျတော့မှ ကတဉာဏ်ဆိုတာလာပါတယ် . . . (မှန်ပါ)၊ ဉာဏ်သုံးဉာဏ်မှတ်ထားပါ . . . (မှန်ပါ)။

ဒါသစ္စာမြင်မှလာတဲ့ဉာဏ်၊ ဖြစ်ပျက်မြင်နေတုန်းက မလာသေးဘူး၊ ဖြစ်ပျက်ရှုလို့ ဉာဏ်ရင့်လာတဲ့အခါကျတော့မှ ဩော် . . . နှိပ်စက်တယ်ဆိုတာ သူ့ကိုပဲ ဒုက္ခသစ္စာဆိုတာ ပေါ်လာပါတယ် . . . (မှန်ပါ)၊ ပေါ်လာတဲ့အခါ ဉာဏ်ဖြန့်လိုက်တဲ့အခါကျတော့မှ ကိန်းရာပုဂ္ဂိုလ်ကိုညာတာမဖက် အမြဲနှိပ်စက်တယ်ဆိုတဲ့ ကိစ္စဉာဏ်ဝင်လာပါတယ်။ ကိစ္စဉာဏ်ရင့်သန်တော့မှ ဖျပ်ဆို ကတဉာဏ်ဝင်လာပါတယ်။ သခၤါရချုပ်ရာကိုမြင်တာ ကတဉာဏ် . . . (မှန်ပါ)၊ ရှင်းပြပြီးနော် . . . (မှန်ပါ)။

အဲဒီလို ဒကာ ဒကာမတွေက ဖြစ်ပျက်မြင်တဲ့ ဉာဏ်ကို သစ္စဉာဏ်ခေါ်တယ်။ ဖြစ်ပျက်မြင်ရင် သစ္စာဉာဏ်၊ ကိစ္စဉာဏ်ကျမှ ဖြစ်ပျက်တွေဆက်လာတာ . . . (မှန်ပါ)၊ ဘာဖြစ်လို့ ပျက်ပါလိမ့်မတုံး . . . နှိပ်စက်လို့ပျက်တယ်ဆိုတဲ့ ဥစ္စာပါလာပါတယ် . . . (မှန်ပါ)။

နှိပ်စက်လို့ ပျက်နေတော့ဖြင့် ဩော် . . . ခန္ဓာရတဲ့ ပုဂ္ဂိုလ်မှာ သူဟာအမြဲနှိပ်စက်နေပါတယ်၊ ဘယ်နည်းနဲ့မှ ရှောင်လို့ မရဘူးဆိုတဲ့ ဥစ္စာတွေ ဉာဏ်မြင်တော့မှ ခန္ဓာလိုချင်တဲ့ တဏှာကို ခန္ဓာရရင် ဒီလိုဖြစ်မှာပဲ ဒီလိုပဲ အနှိပ်စက်ခံနေရမှာပဲ ဒီလိုပဲ အနှိပ်စက်ခံနေရမှာပဲဆိုတာ သစ္စဉာဏ်နဲ့ တွေးလိုက်တော့မှ ကိလေသာပါးတယ် . . . (မှန်ပါ)၊ ကိလေသာပါးလို့မို့ ဒီထက် ဉာဏ်တက်လာတော့ ဖျပ်ဆို ကိလေသာချုပ်သွားတော့ ကတဉာဏ်ဝင်လာတယ် . . . (မှန်ပါ)၊ အဲဒီကတဉာဏ်ဝင်လာလို့ရှိရင်ဖြင့် ခင်ဗျားတို့သောတာပတ္တိမဂ်ရပြီလို့ အောက်မေ့တော့၊ ကတဉာဏ်မဝင်သေးရင် မရသေးဘူး . . . (မှန်ပါ)။

တကဉာဏ်ဆိုတာ နိဗ္ဗာန်ကိုမြင်တဲ့ဉာဏ်၊ ပြီးပြီလို့ သိတဲ့ဉာဏ်ဟာ တကဉာဏ် . . . (မှန်ပါ)၊ ပစ္စဝေက္ခဏာဉာဏ်ကိုဆိုပါတယ် . . . ရှင်းပြီးနော် (ရှင်းပါပြီဘုရား)။

## ဘယ်သွားစေချင်လို့အရှုခိုင်းတာတုံး

အဲဒီလိုမှတ်လိုက်တော့မှ ဩော် . . တို့ကို ဆရာဘုန်းကြီးက ဖြစ်ပျက်အရှုခိုင်းနေတာဘာပါလိမ့်မလဲ . . . သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်တက်ဖို့ အရှုခိုင်းတာပါကလား။ နားလည်ကြပြီနော် . . . (မှန်ပါ)။

ဖြစ်ပျက်အရှုခိုင်းတာ ဘယ်သွားစေချင်လို့ပါလိမ့် . . . (သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်တက်စေချင်လို့ပါဘုရား)။

ကောင်းပြီ ဒီဉာဏ်တွေသည်ကားလို့ဆိုလို့ရှိရင် ဒီသုံးခု အစဉ်မလာလို့ရှိရင် ဒီတရားဟာမှားတယ်၊ ဟောတဲ့ဆရာလည်း မှားတယ်၊ လုပ်တဲ့ပုဂ္ဂိုလ်မှာလည်း ဒီသုံးဆင့်မတက်နိုင်ဘဲနဲ့ မဂ်ရတယ်ထင်လို့ရှိရင် မှားပါလိမ့်မယ်. . . (မှန်ပါ)။

ဒါကြောင့် ညာတာမဖက်အမြဲနှိပ်စက်တာ သိလို့ရှိရင်ဖြင့် ဒါဟာဆင်းရဲတာအမှန်လောက်သိလို့ရှိရင် သစ္စဉာဏ်၊ အနှိပ်စက်ခံရလို့ ဆင်းရဲတယ်လို့သိလို့ရှိရင် ကိစ္စဉာဏ်၊ အနှိပ်စက်ခံရတဲ့တရားတွေ ဆုံးရှုံးသွားတာ ပျောက်ပျက်သွားတာသိလို့ရှိရင် ကတဉာဏ်. . . (မှန်ပါ)၊ ဒါကိုသေသေချာချာ မှတ်ပါ၊ ဒါဟာအင်မတန် နက်နဲတဲ့စကားတွေလို့ မှတ်ပါ. . . (မှန်ပါ)။

## ကိစ္စဉာဏ်က ဘယ်နှစ်မျိုးရှိသတုံး

ကောင်းပြီ ဒီဉာဏ်ရအောင် တက်လိုက်တဲ့အခါကျတော့ ကိစ္စဉာဏ်က ဘယ်နှစ်မျိုးရှိသတုံးလို့ မေးဖို့လိုလာလိမ့်မယ်။ ခုနင်က ဆုတောင်းထားတဲ့ပုဂ္ဂိုလ်ကို ညာတာမဖက် အမြဲနှိပ်စက်တတ်တဲ့ကိစ္စ တစ်ကိစ္စ၊ သဲ့တဌောပေါ့ဗျာ. . . (မှန်ပါ)၊ သဲ့တဌော -တဏှာယောကျ်ား၊ လက်သမား၏ဆိုးဝါးယုတ်မာ၊

ပြုပြင်ရာကို ရုံခါမသွေ့၊ အမြဲခံနေရသောကြောင့်လည်း ဒီခန္ဓာငါးပါးဟာ ဒုက္ခသစ္စာပဲ၊ တဏှာပြုပြင်သလိုခံနေရတာပဲ . . . (မှန်ပါ)၊ တဏှာကအပါယ်ပို့လိုက်လည်း ဒုက္ခသစ္စာကြီးက အပါယ်သွားတယ်။ တဏှာက သုဂတိပို့လိုက်လည်း အိုဘေး နာဘေး သေဘေးရှိတဲ့ဆီသွားလိုက်တာပဲ။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကြီးကို ဒုက္ခရောက်အောင် ဘယ်သူကစီမံနေသတုံးလို့မေးတဲ့အခါကျတော့ သခ်တဒွော-တဏှာယောကျ်ား၊ လက်သမား၏၊ ဆိုးဝါးယုတ်မာ၊ ပြုပြင်ရာကို ရုံခါမသွေ့၊ အမြဲခံနေရသောကြောင့်လည်း ဒုက္ခသစ္စာ၊ ဒါကိစ္စဉာဏ်ကိုဟောနေတယ် . . . (မှန်ပါ)။

တဏှာယောကျ်ား လက်သမားဆိုတာက ခန္ဓာကို ဆောက်တဲ့လူကိုဆိုပါတယ်။ ခန္ဓာအိမ်ကိုဆောက်တတ်တဲ့ လက်သမားကိုဆိုပါတယ်။ သူဟာ တဏှာပဲ . . . (မှန်ပါ)၊ လက်သမားကိုဆိုပါတယ်။ သူဟာတဏှာပဲ . . . (မှန်ပါ)၊ ပသာဒရုပ်တွေလုပ်ပေးတာ တဏှာပဲ၊ ဘာကြောင့် တဏှာဆို ရသတုံးဆိုတော့ ခင်ဗျားတို့ကို တစ်နေ့ကပြောခဲ့ပါတယ်။ ကံကလုပ်တာဆိုပေမယ့် ကံကတဏှာလက်ညှိုးညွှန်ရာ လုပ်ရတာ. . . (မှန်ပါ)။ ကံကတဏှာလက်ညှိုးညွှန်ရာ လုပ်ရတာ . . . (မှန်ပါ)၊ သဘောပါပြီလား . . . (ပါပါပြီ)။

## ကံကတဏှာခိုင်းတာလုပ်ရတာ

ကံကသူချည်းလုပ်နိုင်သလား၊ တဏှာက ဒါလုပ်ပေးဆိုတာ လုပ်ရတာလား . . (တဏှာကလုပ်ပေးဆိုတာလုပ်ရတာပါ) တဏှာကလုပ်ပေးဆိုတာလုပ်ရတော့ ခေတ်သုံး သုံးလို့ရှိရင် သူကမန်နေဂျာ ဟိုကအလုပ်သမား. . . (မှန်ပါ)။

အဲဒီတော့ မန်နေဂျာနဲ့ အလုပ်သမားသည် ဘယ်သူ့ကို ကြောက်စရာ ကောင်းသတုံးလို့မေးတဲ့အခါကျတော့စီမံတဲ့လူကို ကြောက်စရာကောင်းပါတယ် . . . (မှန်ပါ)၊ စီမံတဲ့လူ မရှိရင် အလုပ်သမားသွားမှာပဲ . . . (မှန်ပါ)၊ အဲဒီတော့ စီမံတဲ့လူဟာ ဘယ်သူတုံးဆိုတော့ တဏှာယောကျ်ားလက်သမားပဲ . . . (မှန်ပါ)၊ ဒါကြောင့် ကံယောကျ်ားလက်သမားလို့မဆိုဘူး။ တဏှာယောကျ်ားလက်သမားလို့ဆိုလိုက်ပါတယ်ဘုရားက . . . (မှန်ပါ)။

## တဏှာ၏လက်အောက်ခံကျွန်

ဘယ့်နှယ်ကြောင့် တဏှာယောကျ်ားလက်သမားလို့ ဆိုလိုက်သတုံးဆိုတော့ တဏှာရှိတဲ့ပုဂ္ဂိုလ်ဟူသရွေ့ ကံကမလုပ်ချင်ပါဘူးဆို၍ မရပါဘူး။ တဏှာ၏လက်အောက်ခံကျွန်ဖြစ်နေလို့ တဏှာကပြဋ္ဌာန်းတယ်၊ ကံကမပြဋ္ဌာန်းပါဘူး။ ဒါကြောင့် သစ္စာဖွဲ့တဲ့အခါမှာ ကမ္မသစ္စာမပါဘူး၊ တဏှာသစ္စာပါတယ်၊

ရှင်းပလား. . . (ရှင်းပါပြီ)။ သမုဒယသစ္စာသာရှိတယ်၊ ကံသစ္စာလို့ သစ္စာလေးပါးမှာမရှိဘူး . . . (မှန်ပါ)၊ အဲဒီကတည်းကခြောက် . . . တဏှာချုပ်မှုနိဗ္ဗာန်ဆိုတာပေါ်လာတယ်။တဏှာချုပ်ရင် ကံအလိုလိုပါသွားတယ် . . . (မှန်ပါ)၊ ရေသည်ရေယူခဲ့ဆိုရင်ဖြင့် ရေခွက်ကိုင်ကတည်းက ရေပါလာပြီ. . . (မှန်ပါ)။

အဲဒီအတိုင်းပါပဲ သူသည်ကားလို့ဆိုရင်ဖြင့် တဏှာယောက်ျား၊ လက်သမား၏ ဆိုးဝါးယုတ်မာ၊ ပြုပြင်ရာကို ရံခါမသွေ၊ အမြဲခံနေရသောကြောင့် ခင်ဗျားတို့ဥပါဒါနက္ခန္ဓာကြီးဟာ ဒုက္ခသစ္စာလို့ သေသေချာချာမှတ်ပါ. . . (မှန်ပါ)။

## တဏှာ၏အရှိန်အစော်ကျန်တယ်

ကိုင်း . . . ဒါဖြင့် အခုဖြစ်နေတဲ့ခန္ဓာကြီး တဏှာအရှိန်အစော်ကို မကုန်သေးဘူး။ သူချုပ်သွားပြီမဟုတ်လား ဘုရားဆိုတော့ အေးလေ . . . ချုပ်တော့ချုပ်သွားပြီ။ ချုပ်ပင်ချုပ်သွားငြားသော်လည်း သူ့အရှိန်အစော်အာနုဘော်တွေ ကျန်နေတယ်။ မီးပင်သေသွားသော်ငြားလည်း အငွေ့တွေ ကျန်နေရစ်တယ်. . . (မှန်ပါ)၊ ထို့နည်းအတူပဲ တဏှာသည် အတိတ်ဘဝကချုပ်ခဲ့ငြားသော်လည်း သူ့အရှိန်အစော်အာနုဘော်တွေကြောင့် ခင်ဗျားတို့သူစီမံတာ အကုန်ခံနေတယ်. . . (မှန်ပါ)။

လောကီဥပမာပြောကြပါစို့ဆိုလို့ရှိရင် ရှင်ဘုရင် သေသွားသော်လည်း ရှင်ဘုရင်၏ ဥပဒေစည်းကမ်းကို လိုက်နာရသလိုပဲ၊ ရှင်ဘုရင်တော့မရှိတော့ဘူး ဥပဒေကကျန်နေရစ်တယ်. . . (မှန်ပါ)၊ ဥပဒေက ကျန်နေတော့ ဥပဒေအတိုင်း ဒီကဖြစ်နေကြရတယ်. . . (မှန်ပါ)၊ ထို့နည်းတူပဲ ပဋ္ဌာ ယောက်ျား လက်သမားသည် ခန္ဓာဖြစ်အောင် တည်ထောင်ပြီး သူချုပ်သွားတယ်၊ ချုပ်သွားငြားသော်လည်း သူသည်နဂိုကလည်းသတ္တိပဲ။ သတ္တိကလေးကိုပဲချုပ်သွားတယ်၊ ချုပ်ပင် ချုပ်သွားငြားသော်လည်း အရှိန်အစော်အာနုဘော်တွေ ကျန်နေရစ်တယ်. . . (မှန်ပါ)၊ အဲဒီလိုကျန်နေရစ်တဲ့အတွက် ကိုယ်ဖြစ်ချင်သလိုမဖြစ်ရဘူး၊ သူစီမံထားတဲ့အတိုင်း ပျက်လိုက် ဖြစ်လိုက် ဖြစ်နေရတယ်၊ ဖြစ်ပျက်ဒုက္ခနဲ့ပဲနေ ရတယ်. . . (မှန်ပါ)၊ အဲဒါဘယ်သူ၏ စွမ်းရည်သတ္တိတုံးလို့ မေးတဲ့အခါကျတော့ သခ်ဳတသဘော သတ္တိရှိတဲ့ ပဋ္ဌာ၏ စွမ်းရည်သတ္တိလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## ပဋ္ဌာပို့ရာသွားနေရတယ်

ကောင်းပြီ . . . ဒါဖြင့် ဟိုဘုံရောက်လိုက် ဒီဘုံရောက် လိုက်နဲ့ ဒုက္ခသစ္စာဘောလုံးကြီးဟာ ဟိုခြေထောက်ရောက်သွား ဒီခြေထောက်ရောက်သွား၊ ဟိုကကန်လွှတ်လိုက်၊ ဒီကကန်လွှတ်

လိုက်နဲ့ ခန္ဓာတွေဟာ ဘောလုံးဖြစ်နေတယ်။ တဏှာပို့ရာသွား နေရတယ် . . . (မှန်ပါ)၊ တဏှာပို့ရာသွားနေရတဲ့အတွက် ကိုယ့်သဘော လုံးလုံးမပါဘူး။ ဘာဖြစ်လို့တုံး တဏှာစီမံရာကို လိုက်နာပြီး နေရတဲ့အတွက် ဒီဒကာ ဒကာမတွေ့ဒီ ဒီတဏှာ မသေသရွေ့ သူ့ရဲ့သခ်ာသတ္တိကို ဘယ်တော့မှ လွတ်မယ် မဟုတ်ဘူး . . . (မှန်ပါ)၊ တဏှာကတစ်ကြိမ်တည်းဖြစ်လို့ရှိရင် တော့ တော်ပါသေးရဲ့၊ တဏှာသည် အကြိမ်ပေါင်းများစွာဖြစ် တယ်။ အကြိမ်ပေါင်းများစွာလည်း လက်သမား၏ အနာဂတ် ပြုပြင်မယ်။ ဥပပတ္တိဘဝကြီးတွေကို ပြုပြင်မယ်၊ ဘဝတွေဆက် ဆက် ပြီးပြုပြင်မယ်ဒါကြောင့် တဏှာသိဗ္ဗနီလို့ အဂ်ုတ္တိုရ်ပါဠိတော်စသည်များမှာ ဟောတော်မူတယ်။ တဏှာ -တဏှာ သည် သိဗ္ဗနီ-အပ်ချုပ်သမားနဲ့တူ၏။ စုတိနဲ့ ပဋိသန္ဓေကို ဆက်ပေးတာ သူပဲ . . . (မှန်ပါ)။

## ဒုက္ခနှစ်ခုကို ဆက်ပေးတာတဏှာ

စုတိနဲ့ပဋိသန္ဓေကို ဆက်ပေးတာတဏှာပဲ။ ဒီဒုက္ခနှစ်ခု ကို ဆက်ပေးတယ်၊ စုတိကလည်း ဒုက္ခသစ္စာ၊ ပဋိသန္ဓေလည်း (ဒုက္ခသစ္စာပါဘုရား)၊ အဲဒီဒုက္ခနှစ်ခုကို ကြားမခြားရအောင် ဆက်ပေးတယ်။ ဒါကြောင့် အဂုတ္တိုရ်ပါဠိတော်မှာ တဏှာသိဗ္ဗနီ လို့ ဟောတော်မူတယ်၊ တဏှာ - တဏှာသည် သိဗ္ဗနီ ဒုက္ခချင်း

ဆက်စပ်ပေးတဲ့လူပဲ။ ပုဆိုးကိုဆက်စပ်ချုပ်ပေးတဲ့ သဘောကို ဒုက္ခချင်းဆက်ပေးသောကြောင့် အပ်ချုပ်သမားတဲ့ ဘုရားက ဟောတော်မူတယ် . . . (မှန်ပါ)။

ဒါဖြင့် တဏှာရှိတဲ့ပုဂ္ဂိုလ်မှာ ဘာမှဆက်စပ်မပေးဘူး ဒုက္ခချည်းဆက်စပ်ပေးတယ်. . . (မှန်ပါ)။

## ဘယ်တော့မှသုခနဲ့မဆက်တတ်ဘူး

တဏှာကိန်းနေတဲ့ပုဂ္ဂိုလ်မှာ ဘာတွေများ ဆက်စပ်ပေးမယ်ထင်ကြသတုံး . . . (ဒုက္ခချင်း ဆက်စပ်ပေးပါတယ်ဘုရား)၊ ဒုက္ခချင်းသာဆက်ပေးမယ်၊ ဘယ်တော့မှ သုခနဲ့သူ မဆက်တတ်ဘူး. . . (မှန်ပါ)၊ ဝိပ္ပလ္လာသရှိတဲ့ ပုဂ္ဂိုလ်မှာသာ- ဩော် . . . သုံခရှိလို့ တော်သေးရဲ့ဆိုကြပါတယ် . . . (မှန်ပါ)၊ မဟုတ်ပါဘူး၊ တဲ . . . သူ့စွမ်းရည်သတ္တိက လေးလေးနက်နက်မှတ်ပါ၊ ဒုက္ခချင်းသာ ဆက်တတ်ပါတယ်။ သုခနဲ့နည်းနည်းမှ မဆက်တတ်ပါဘူး. . . (မှန်ပါ)၊ ဝိပ္ပလ္လာသ ရှိတဲ့ ဖောက်ပြန်နေတဲ့ပုဂ္ဂိုလ်သာ သူပို့လိုက်လို့ နတ်ပြည်ရောက်တယ်လို့ ထင်ပါတယ်။ စင်စစ်တော့ လူ့စုတိ ဒုက္ခနဲ့ နတ်ပဋိသန္ဓေဒုက္ခနဲ့ ဆက်ပေးလိုက်တာကြီးပဲ. . . (မှန်ပါ)။

လူ့စုတိက ဘာသစ္စာ . . . (ဒုက္ခသစ္စာပါ)၊ နတ်ပဋိသန္ဓေကကော ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါ)၊ ဒါဖြင့်ဒုက္ခ

ချင်းဆက်ပေးတာကို ခင်ဗျားတို့က သူပို့လို့ကံကောင်းလို့ရောက်တယ်လို့ပြောနေကြတယ်. . . (မှန်ပါ)၊ ဘယ်ဟုတ်ရမတုံး . . . အမြစ်အရင်းနဲ့တကွ ဟောကြားညွှန်ပြဆုံးမတဲ့ ဆရာသမားများနဲ့ မတွေ့ခင်သာပြောနေတဲ့စကားတွေပါ. . . (မှန်ပါ)။

## အနန္တရပစ္စယော

စုတိနဲ့ ပဋိသန္ဓေနဲ့ဆက်ပြီးသည့်နောက် ပဋိသန္ဓေနောက်ကနေပြီး တစ်ခါသတ္တဝါကို ကျေးဇူးပြုတဲ့စိတ်ကလေးတွေ ဆက်လာတယ်။ အဲဒီစိတ်ကလေးတွေနဲ့လည်း ပဋိသန္ဓေက ဆက်ပေးတာပဲ။ ပဋိသန္ဓေကဆက်ပေးတော့ ပဋိသန္ဓေပြီးတော့ ဘဝင်ဆိုတာလာတယ်. . . (မှန်ပါ)၊ ဘဝင်က ဘာသစ္စာတုံးမေးတော့. . . (ဒုက္ခသစ္စာပါပဲ)၊ ပဋိသန္ဓေဘာသစ္စာတုံးမေးပြန်တော့ကော . . . (ဒုက္ခသစ္စပါ)၊ အဲဒုက္ခသစ္စာ ဒုက္ခသစ္စာချင်း ဆက်ပေးသောကြောင့် ဒီနေရာမှ အနန္တရပစ္စယော-ဒုက္ခအခြား မရှိအောင် ကျေးဇူးပြုတယ်. . . (မှန်ပါ)၊ အနန္တရပစ္စယောကို ရိုးရိုးအကြောင်းအကျိုးဆက်တာကို မယူဘဲနဲ့ ဒုက္ခချင်းဆက်ပေးတာကိုယူပါ. . . (မှန်ပါ)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)၊ အနန္တရပစ္စယော အခြားမရှိမှု၍ ကျေးဇူးပြုတတ်သော တရားသည်လည်းကောင်းဆိုတာ ဟုတ်ပါတယ်။ ဘာအခြား မရှိအောင်တုံးဆိုတော့ ဒီကြားထဲမှာ

သုခ မပါ။ ပဋိသန္ဓေနဲ့ ဘဝင်ကြားထဲမှာ သုခ မပါ ကျေးဇူးပြု တယ်။ အနန္တရပစ္စည်း လည်းဟုတ်တယ်။ ဒီလိုသဘောကို ဒီနေရာမှာယူရင် ပိုပြီးတော့ ဒုက္ခသံသရာအကြောင်း လေးနက်လာပါတယ်. . . (မှန်ပါ)။

အနန္တရပစ္စည်းသူပြုပြင်ချင်သလို ပြုရတာလားလို့ မေးလို့ရှိရင် တဏှာက ဒီလိုဆက်ပါ၊ ဒီလိုဆက်ပါ၊ ဒီလိုဆက်ပါ သူကအော်ဒါပေးနေတာ . . . (မှန်ပါ)။

## တဏှာပြုပြင်တာချည်းပဲ

ဒါကြောင့် တဏှာပြုပြင်တာချည်းပဲ၊ ဒီခန္ဓာတစ်တန်းလုံးဟာ ဒုက္ခသစ္စာဆိုတော့ သူပြုပြင်တာချည်းဆိုတာပေါ်လာတယ်. . . (မှန်ပါ)၊ မပေါ်သေးဘူးလား . . . (ပေါ်ပါတယ်)။

ဘယ်နေရာမှာ ကံကောင်းအကြောင်းသင့်ပါလိမ့်မတုံးလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မေးမနေနဲ့၊ ကံကောင်းအကြောင်းသင့်တဲ့နေရာရယ်လို့ တစ်ချက်မှ မပါဘူး။ ပဋိသန္ဓေပြီးတော့ ကျုပ်တို့ဘဝင်စိတ်လာတာပဲ။ ဘဝင်စိတ်ပြီးတဲ့အခါကျတော့ အာဝဇ္ဇန်းစိတ်လာတယ် ဆင်ခြင်တဲ့စိတ်၊ ဆင်ခြင်တဲ့စိတ်ကြီးတွေ ကိုယ့်ဘဝကိုယ် နှစ်သက်တဲ့ လောဘဇောလာတယ်၊ တဏှာပဲပြန်ရောက်တာပဲ. . . (မှန်ပါ)။

ဒါဖြင့် စိတ်စဉ်တွေက ဘာသစ္စာတုံး . . . ဒုက္ခသစ္စာ၊ စိတ်စဉ်တွေကို ဆက်ပေးသမားက ဘယ်သူတုံးအနန္တရပစ္စည်း၊

အနန္တရပစ္စည်းဆက်ပေးရအောင် ဩဇာပေးအုပ်ချုပ်နေတာက ဘယ်သူတုံး. . . တဏှာ၊ ပေါ်ပြီလား. . . (ပေါ်ပါပြီဘုရား)။

## ရှေ့ဥ္စာသစ္စာလာမှာတုံး

ဒါဖြင့် သူကဩဇာပေးတဲ့အဆက်တွေဖြစ်နေသော ကြောင့် ရှေ့ဥ္စာသစ္စာလာမှာတုံးလို့ မေးဖို့မလိုဘူး။ ပထမ စိတ်လည်းဒုက္ခသစ္စာလာမှာပဲ၊ ဒုတိယစိတ်ကော . . . (ဒုက္ခ သစ္စာပါပဲ)၊ တတိယစိတ်ကော . . . (ဒုက္ခသစ္စာပါပဲ)။

ဒါကြောင့် ခင်ဗျားတို့ဉာဏ်ရှေ့မှာ ကျုပ်ဒုက္ခသစ္စာပါပဲ၊ ကျုပ်ဒုက္ခသစ္စာပါပဲ၊ ကျုပ်ဒုက္ခသစ္စာပါပဲလို့ လျှောက်လျှောက် ပြသွားတယ်၊ ခင်ဗျားတို့ရှုလိုက်တဲ့အခါကျတော့ ကျုပ်ဟာ ဒုက္ခပါပဲ၊ ကျုပ်ဟာ ဒုက္ခပါပဲလို့ သမ္မာဒိဋ္ဌိမျက်လုံးကို သမ္မာသင်္ကပ္ပ မျက်မှန်တပ်ကြည့်လိုက်လို့ရှိရင် ဒါရှင်းနေတာပဲ. . . (မှန်ပါ)။

သမ္မာဒိဋ္ဌိမျက်လုံးကို သမ္မာသင်္ကပ္ပမျက်မှန်တပ်ပြီးကြည့် လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ဒုက္ခဆက်နေတာပဲတွေ့တယ်။ သဘောပါပြီလား . . . (ပါပါပြီ)၊ ဒါဘယ်သူကဆက်ပေး နေတာတုံးဆိုရင် ဆိုးဝါးယုတ်မာပြုပြင်ရာကို ရံခါမသွေအမြဲ ခံနေရတာ။ သူကကျေးဇူးပြုလိုက်တာ အနန္တရကလည်း သူ့ လက်အောက်ရောက်လာတယ်။ မင်းဒုက္ခဆက်ပေးလိုက်စမ်းပါ၊ အပ်ချုပ်သမားကို . . . (မှန်ပါ)၊ ဒီဒုက္ခနဲ့ ဟိုဒုက္ခ ဆက်ပေးလိုက်

စမ်းပါ၊ ဒီအပူနဲ့ ဟိုအပူ ဆက်ပေးလိုက်စမ်းပါ၊ သဘောကျပြီ လား . . . (ကျပါပြီ)။

ဒါကြောင့် သူ့မှာ သန်္တသဘောသတ္တိ ရှိတယ်၊ ဒုက္ခသစ္စာမှာ . . . (မှန်ပါ)၊ ဒုက္ခသစ္စာသည် တဏှာ၏ ပူပြင် ရာကို စီမံခံပြီးသကာလ သူ့ဩဇာတစ်ပဲသားမရှိ၊ တဏှာဩဇာ အကုန်ခံပြီးသကာလ နေရသောကြောင့်လည်း သန္တသဘော သတ္တိရှိသောကြောင့် သန္တသဘောကို မလွန်နိုင်တဲ့စွမ်းရည် သတ္တိရှိသောကြောင့် သူဟာ ဒုက္ခသစ္စာပဲသွားရတယ်။ သူ့ကို အသန္တလို့ဆိုလို့မရဘူး. . . (မှန်ပါ)၊ ရှင်းပြီလား . . . (ရှင်းပါပြီ)။

## တဏှာပူပြင်စီမံရာခံနေရတယ်

သူ့မှာ တဏှာပူပြင်စီမံရာကို ခံနေရတဲ့ဉစ္စာ သူက သန္တတရားသွားဖြစ်တယ်။ ဒါကြောင့် သန္တဒုက္ခသစ္စာ၊ သန္တဆိုတာ တဏှာပူပြင်ရာကိုခံလို့ ပေါ်နေတဲ့တရားကို သန္တဆိုပါတယ် . . . (မှန်ပါ)။

တဏှာစီမံလို့ပေါ်နေတဲ့ တရားဟူသရွေ့ ဘာတရားဆို ကြမယ် . . . (သန္တတရားပါ)။

အဲဒီသန္တတရားဖြစ်နေသောကြောင့် အခြားမရှိ အောင် နှိပ်စက်စမ်းပါ၊ ပဋိသန္ဓေပြီး ဘဝင် - ဘဝင်ပြီး ဘဝနိကန္တိ

ကလောဘဇော လောဘဇောပြီးနောက် စိတ်တွေလာ၊ လာတဲ့ စိတ်တွေဟူသရွေ့လည်း ဒုက္ခသစ္စာပဲလာရမယ်။ နိရောဓသစ္စာ မလာနိုင်ဘူး . . . (မှန်ပါ)၊ လာနိုင်ပါ့မလား. . . (မလာနိုင်ပါ ဘူး)။

## သုညတဇာနယ်ကမလွှန်နိုင်ဘူး

ဘာကြောင့် မလာနိုင်သတုံးလို့ သေသေချာချာမေး တော့မှ သုညတဇာသုနယ်က မလွန်နိုင်ဘူး၊ သူက ကာမာသဝကိုး . . . (မှန်ပါ)၊ ကာမာသဝနယ်က လွန်ပြီးတော့ ဘယ်မှ မထွက် ရဘူး - ဒုက္ခချင်းဆက်ပြီးတော့ . . (မှန်ပါ)၊ ဘယ်သူက ဆက်ပေးသတုံး၊ သမုဒယသစ္စာ၊ အနန္တရပစ္စည်းပေါ် ဘယ်သူ က သြဇာပေးနေသတုံး. . . (တဏှာကသြဇာပေးပါတယ်)၊ ကဲ . . . ခင်ဗျားတို့ပစ္စည်းပိုင်းဟာနေရစ်တာပဲ။ သစ္စာနဲ့ဖွဲ့လိုက် တော့ သူ့လက်အောက်ခံဖြစ်သွားတယ်. . . (မှန်ပါ)၊ ရှင်းပြီလား. . . (ရှင်းပါပြီ)။

သစ္စာနဲ့ကြည့်လိုက်မှ ဩော် . . . သူဆက်ချင်လို့ ဆက် ရတာမဟုတ်ပါလား၊ တဏှာစီမံသလို သူကဆက်ပေးရပါလား . . . (မှန်ပါ)။

## သင်္ခတနယ်ကြီးကို တဏှာချယ်လှယ်နေတာ

ဒါကြောင့် သူသည် သင်္ခတနယ်ကိုဖြင့် ငါထင်သလို ချယ်လှယ်မယ်ဆိုပြီးသကာလ တဏှာဟာသုံးဆယ့်တစ်ဘုံ သင်္ခတနယ်ကြီးကို သူချယ်လှယ်နေတာပဲ. . . (မှန်ပါ)။

သုံးဆယ့်တစ်ဘုံကြီးကို တစ်ခါတည်းစုတိနဲ့ပဋိသန္ဓေနဲ့ ဆက်ဖြစ်အောင် ကံနဲ့အကျိုးပေးနေတာ အဆက်ဖြစ်အောင် သင်္ခတနဲ့ ဝိညာဏ်တစ်စပ်တည်းဖြစ်အောင် ဘယ်သူလုပ်ပေး သတုံး . . . (တဏှာပါဘုရား)၊ တဏှာသမုဒယကလုပ်ပေးတာ၊ အနန္တရကလုပ်ချင်လို့ လုပ်ရတာလား၊ ဩဇာမလွန်ဆန်နိုင်လို့ လုပ်ရတာလား . . . (မလွန်ဆန်နိုင်လို့ လုပ်ရတာပါ)၊ ဒါကြောင့် တဏှာကို သိဗ္ဗနီလို့ဟောတော်မူတယ်။ သိဗ္ဗနီဆိုတာ အပ်ချုပ်သမား၊ ရှေ့ဒုက္ခနဲ့ နောက်ဒုက္ခကို မင်းဆက်မိအောင် လုပ်ပေး။ ဒါမှ ဒုက္ခရောက်မယ်။

## ဒုက္ခချင်းသာဆက်တတ်တယ်

ဒါဖြင့် တဏှာသည်ကားလို့ဆိုလို့ရှိရင် လက်ရှိခင်ဗျားတို့ မှာရှိနေသရွေ့ ကာလပတ်လုံး ခင်ဗျားတို့ကသာ ကျေးဇူးရှင်ကြီး ထင်ပြီး နေပြောသော်လည်း ကျုပ်စွမ်းရည်သတ္တိအမှန်ကို ကျုပ်ပြောလို့ရှိရင် ဒုက္ခချင်းသာသူဆက်တတ်တယ်လို့ သူပြော လိမ့်မယ် . . . (မှန်ပါ)၊ သူခနဲ့သူ မဆက်တတ်ဘူး၊ သဘောပါပြီ လား. . . (ပါပါပြီ)။

ဘာချင်းဆက်တတ်သတုံး. . . (ဒုက္ခချင်းသာဆက် တတ်ပါတယ်)၊ ဒုက္ခချင်းဆက်တတ်တာ ခင်ဗျားတို့ခန္ဓာကိုယ် ထဲမှာ ဘယ်ပစ္စည်းဘယ်ပစ္စည်း ဘာဘဲရေးနေနေ ငါ့ဩဇာ ဒုက္ခချင်းသာဆက်တယ်ဆိုတော့ သစ္စာမှာ နိဂုံးချုပ်လိုက်တဲ့ အခါကျတော့ ပဋ္ဌာန်းပစ္စည်းတွေက သူ့ဩဇာခံသွားဖြစ်နေ တယ်။ ရှင်းပြီလား . . . (ရှင်းပါပြီ)၊ ဒါကြောင့် ပဋ္ဌာန်းချည်း သက်သက်မဟုတ်ဘဲ သစ္စာသိအောင်သွားမှ နိဗ္ဗာန်ခရီးရောက် နိုင်တယ်ဆိုတာ ဒီနေ့ပေါ်သွားပြီ . . . (မှန်ပါ)။

## ပဋ္ဌာန်းမှာမဂ္ဂပစ္စည်းချန်လှပ်

ပဋ္ဌာန်းမှာမဂ္ဂပစ္စည်း ချန်လှပ်၊ ကျန်တဲ့ပစ္စည်းဟာ ငါစီမံ ထားတာ၊ လောကီမဂ်လောက်များတော့ ငါစီမံပေးမယ် တဈော့က . . . (မှန်ပါ)၊ လောကီမဂ်လောက်ကျတော့ သူက စီမံနိုင်တယ် . . . (မှန်ပါ)။ လောကုတ္တရာမဂ်ကျတော့မှ သူက နောက်ဆုတ်ပစ်တာ၊ သဘောပါပြီလား. . . (ပါပါပြီ)၊ အတော် ကြောက်စရာကောင်းတဲ့ တရားပါကလား. . . (မှန်ပါ)။

ဒါဖြင့် ဒုက္ခသစ္စာ ဒုက္ခသစ္စာဆိုတာတဈော့ပြုပြင်ရာ ခံနေရသောကြောင့်လည်း ဒုက္ခသစ္စာပဲလို့ ရှုတဲ့အခါမှာပေါ်လာ ရင်ကောင်းတယ် . . . (မှန်ပါ)၊ ဖြစ်ပျက်တာ ဒုက္ခသစ္စာ နောက် ဟာလည်းဖြစ်ပျက်ပဲ၊ နဂိုရ်ကဖြစ်ပျက်က ကျေးဇူးပြုလို့ ဖြစ်ပျက် ပဲလာတယ် . . . (မှန်ပါ)။

## ဒုက္ခဆက်လေသမျှတဏှာကချည်းမှတ်

ဖြစ်ပျက်ကကျေးဇူးပြုလို့ ဘာလာသတုံး . . . (ဖြစ်ပျက်ပဲလာပါတယ်ဘုရား)၊ နောက် အဲဒီဖြစ်ပျက်က ကျေးဇူးပြုပြန်ရင်ကော . . . (ဖြစ်ပျက်ပဲလာပါတယ်)၊ ဒါဖြင့် ဒုက္ခဆက်နေတာမှတစ်ပါး ဒီပြင်ဘာရှိသေးသတုံး . . . (ဘာမှမရှိပါဘူး)၊ ဒုက္ခဆက်နေတာမှတစ်ပါး ဒီပြင်ဘာမှမရှိတော့ဘူးဆိုတာ ပေါ်လာတော့မှ ဩော် . . . ဆက်လက် ဆက်လက်ပြီး ဒုက္ခသစ္စာချင်း အဆက်မပြတ်အောင်ဆက်ပေးနိုင်တဲ့ စွမ်းရည်သတ္တိအကြီးဆုံးဟာ ဘယ်သူပါလိမ့်မတုံးလိုက်ရှာ။ ဘာတွေ့သတုံး . . . (တဏှာတွေ့ပါတယ်)၊ ဒုက္ခဆက်လေသမျှ သူကချည်းမှတ်ပါ . . . (မှန်ပါ)၊ ပေါ်ပြီလား . . . (ပေါ်ပါပြီ)။

လောကီဥပမာပြောကြပါစို့၊ ထမင်းစားတဲ့ဒုက္ခပေးတာလည်း တဏှာပဲ၊ ရေချိုးတဲ့ဒုက္ခပေးတာလည်း . . . (တဏှာပါပဲ)၊ ကျင်ကြီးကျင်ငယ်စွန့်ရတဲ့ ဒုက္ခပေးတာကော . . . (တဏှာပါပဲ)၊ တဏှာပဲ။ ဒုက္ခဟူသရွေ့ သူပေးတတ်တာသူ့စွမ်းရည်သတ္တိက သုခဆိုရင်ကျုပ် မပေးတတ်ဘူးဗျ။ ခင်ဗျားတို့ကတော့ မရိပ်မိဘူး။ သူ့စွမ်းရည်ကတော့ ဒါပဲတဲ့ . . . (မှန်ပါ) သူ့စွမ်းရည်ကတော့ ဒုက္ခပေးတတ်တဲ့သတ္တိဒုက္ခဆက်တတ်တဲ့သတ္တိဟာ ကျုပ်၏စွမ်းရည်သတ္တိအကုန်ပဲတဲ့။ တဏှာကပြောနဲ့ရင် . . . (မှန်ပါ)၊ ရိပ်မိပြီလား . . (ရိပ်မိပါပြီဘုရား)။

တဏှာကဘာယ့်နှယ်ပြောတတ်သတုံး . . . (ဒုက္ခပေးတတ်တာသူ့ရဲ့စွမ်းရည်သတ္တိပါဘုရား)၊ အဲ. . . ဒုက္ခဆက်ပေးတာ။ ပထမပေးတဲ့ဒုက္ခလည်းသူပဲ။ နောက်ဒုက္ခဆက်ပေးတာလည်း . . . (သူပါပဲ)၊ နောင်တစ်ခါ သံသရာမဆုံးအောင် ဆက်ပေးတာကော . . . (သူပါပဲဘုရား)၊ ဒါဖြင့် ဒုက္ခစက်ရဟတ်ကြီးကို လည်အောင် လုပ်နေတာဖြင့် ဩော် . . . ကံမကောင်းအကြောင်းမသင့်လို့လည်ရတာမဟုတ်ပါဘူး၊ ဒုက္ခစက်လည်အောင် လုပ်နိုင်တာက တဏှာမပယ်တဲ့ပုဂ္ဂိုလ်တွေလုပ်တာ တဏှာ၏ စွမ်းရည်သတ္တိပဲ . . . (မှန်ပါ)။

## လက်သည်ရှာရင်တဏှာတွေ့မယ်

တဏှာ၏စွမ်းရည်သတ္တိကို အကုန်လုံးခံနေရတဲ့သစ္စာဟာ ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား)၊ ပေါ်ပြီလား . . . (ပေါ်ပါပြီ)၊ တဏှာလုပ်သ၍ ခံနေရတဲ့ဆင်းရဲမှုဟူသ၍ ဒုက္ခသစ္စာပဲ၊ လက်သည်ရှာရင် တဏှာတွေ့မယ်. . . (မှန်ပါ)၊ တယ်လည်းစွမ်းရည်သတ္တိပြင်းပါကလားလို့ မေးတော့ကို ဖြဟ္မာ့ဘုံကျအောင် သူ့နယ်ပဲ . . . (မှန်ပါ)၊ ကာမာသဝနယ် ဘဝါသဝနယ်တွေ ဘုံဘဝတွေဟာ . . . (မှန်ပါ)၊ ဘဝါသဝဆိုတာ

လည်း ထူးတာမဟုတ်ဘူး၊ ဘုံဘဝလိုချင်လို့သာ ဘဝါသဝထဲ ကလည်း တဏှာရတယ် . . . (မှန်ပါ)၊ သို့သော်သူ့ကိုဘယ်နှယ် ကြောင့် ဘဝါသဝလို့ဆိုလိုက်သတုံးလို့ မေးတဲ့အခါကျတော့ ပုဂ္ဂိုလ်ချင်းခြားနားနေလို့ ကာမာသဝက သောတာပန် သကဒါ ဂါမ်ဆိုရင် အထိုက်အလျောက် တန်ရာကိုပယ်ပြီး အနာဂါမ်ကျ တော့ ပယ်နိုင်တယ်။ ဘဝါသဝကရဟန္တာကျမှပယ်နိုင်တယ်။ ဒါကြောင့် ပုဂ္ဂိုလ်အစွမ်းကို အစွမ်းကြောင့် ခွဲခြားပြီးခေါ်နေ ရတာ။ တဏှာတစ်လုံးတည်းပဲ . . . (မှန်ပါ)၊ တဏှာအကြမ်း တဏှာအနု-သို့မဟုတ် တဏှာကြီးတဏှာကလေးပဲ၊ ပေါ်ကြပြီ လား . . . (မှန်ပါဘုရား)။

## ဒုက္ခပေးလေသမျှတဏှာက

အဲဒီလိုမှတ်ပြီးသကာလထားလိုက်တော့မှ ဩော် . . . ဒုက္ခပေးလေသမျှ တဏှာက ဒုက္ခပေးလေသမျှ တဏှာက၊ တဏှာ ကပဲမှတ်ထားပါ. . . (မှန်ပါ)၊ ဒါရှုတဲ့အခါမှာရှု၊ တွေးတဲ့အခါ မှာတွေးပါ၊ ရှုတဲ့အခါမှာ မတွေးနဲ့ ၊ တွေးတဲ့ အခါမှာ မရှုနဲ့၊ တွေးပြီးမှ တစ်ခါပြန်ရှု၊ ဒီလိုပဲ နှစ်ချက်ရှိ သေးတယ်၊ ဝိပဿနာ အလုပ်သမားမှာ . . . (မှန်ပါ)။

## တွေးလုံးပိုင်တော့မှရှုလိုက်ပါ

အခုဘုရားဟောကို ဆရာသမားက တစ်ဆင့်ဟောထားတဲ့နည်း၊ ဩော်. . . တဏှာဆက်ပေးထားတဲ့ ဒုက္ခတွေ ပါကလားဆိုတော့ ဒုက္ခကို မမြင်ချင်နေပါစေအုံး၊ တွေးလုံးတော့ ပိုင်ပေစေ၊ ပိုင်ပြီးတော့မှရှုလိုက်ပါ၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

အလုပ်ခွင်မှာတော့ မတွေးရဘူးလားဘုရား။

## အလုပ်ခွင်မှာတွေးမနေနဲ့

အဲ . . . အလုပ်ခွင်မှာ တွေးမနေနဲ့၊ မတွေးပါနဲ့ မတွေးတော့ဘာဖြစ်သွားသတုံးလို့မေးတဲ့အခါကျတော့ တွေးလုံး သည်ကားလို့ဆိုရင် စိန္တာမယသွားဖြစ်တယ်၊ ဘာဝနာမယသွား ပြီးမဖြစ်ပါဘူး။ သဘောပါပြီလား. . . (ပါပါပြီ)၊ စိန္တာမယ ဉာဏ်သွားဖြစ်တယ်၊ ဘာဝနာမယဉာဏ်သွားပြီးမဖြစ်ဘူး။ ဒါကြောင့် သူ့ကိုတွေးချိန်ကို တခြားထား ရှုချိန်ကိုတခြားထား၊ စိန္တာမယတခြားထား၊ ဘာဝနာမယဉာဏ်ကို တခြားထားပါ . . . (မှန်ပါ)၊ သဘောပါပြီလား . . . (ပါပါပြီဘုရား)။

## ဘာဝနာမယက ပွားများတာ

စိန္တာမယကတွေးတာ ဘာဝနာမယကပွားများတာ . . . (မှန်ပါ)၊ ဒါကြောင့် ရောလို့မရဘူး။ ဘာကြောင့်တုံး . . . ဟိုက ကိလေသာကြားဝင်နိုင်တယ်၊ စိန္တာမယက၊ ဘာဝနာမယက ဝင်လို့မရဘူး၊ အဲဒါရှင်းပြီလား . . . (မှန်ပါ)၊ ဥဒ္ဒစ္စလည်း ဖြစ်နိုင်တယ်၊ ဖြစ်နိုင်တယ်လေ . . . ဥဒ္ဒစ္စဘက်လှည့်ချင်လဲ လှည့်သွားမယ်၊ ကုက္ကုစ္စကလဲ လာချင်လာပစ်လိုက်မယ်၊ ဝိစိကိစ္ဆာကကော . . . (လာချင်လာမှာပါဘုရား)၊ အဲ . . . ကိုယ်မပိုင်ရင် ကြားခိုမယ် . . . (မှန်ပါ)။

## ပက်လက်ကုလားထိုင်နှင့်နေတဲ့အချိန်

အဲဒါကြောင့် ဒီဟာတွေကိုလဲ တို့သည်ကားလို့ဆိုရင် ရှောင်ရရှားရမှာတွေပါကလား၊ သူ့နေရာနဲ့သူလုပ်ရမယ်။ ကုလားထိုင်ပေါ်မှာ ပက်လက်လှန်နေတဲ့အချိန်မှာ မရှုချင်လို့ ရှိရင် ဒီသစ္စာဖြစ်ထိုက် မဖြစ်ထိုက်ကို ဘုရားဟောထားတာပဲ၊ ဩော် . . . ဖြစ်ထိုက်တယ်ဆိုတဲ့ တွေးလုံးလာအောင်သာ တွေးလိုက်ပါ။ အခုဘုန်းကြီးဟောလာတဲ့အတိုင်း . . . (မှန်ပါ)။

ဒီလိုတွေးလိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ဩော် . . . တယ်လဲ ထူးခြားပါကလား၊ တယ်လဲစွမ်းရည်သတ္တိရှိတဲ့ တဏှာပါကလား . . . ဒုက္ခဆက်ပေးလေသမျှတော့ဖြင့် သူချည်းပဲ၊ ဒီပြင်ဘာမှမပါဘူးဆိုတဲ့ အဓိပ္ပာယ်သည် ရှင်းသွားပါလိမ့်မည် . . . (မှန်ပါ)။

## တွေးလုံးသန့်တော့မှ ကောက်ရှုလိုက်ပါ

ဒါကြောင့် ဒီဒကာ ဒကာမတွေ ဒီဒုက္ခဆက်မှုသစ္စာမှတစ်ပါး တခြားဘာမှမရှိဘူးဆိုတာ ဆုံးဖြတ်ချက်ချထားပါ . . . (မှန်ပါ)၊ အဲဒီကျတော့မှ၊ တွေးလုံးသန့်တော့မှ ဒုက္ခဆုံးချင်တဲ့ ဉာဏ်လာတဲ့အချိန်မှာ ကောက်ရှုလိုက်ပါ။ တွေးလုံးပိုင်ပြီးသော် . . . ဒီဒုက္ခဆုံးမှ အေးမှာပဲဆိုတဲ့ဉာဏ်မှာ ပြောသံကြားလို့မဟုတ်တော့ဘူး၊ ကိုယ့်ဟာကိုယ်တွေးလုံးပိုင်ပြီ . . . (မှန်ပါ)၊ ပိုင်တဲ့အချိန်ကျမှ ကောက်ပြီးထရှုချလိုက်ပါ။ ထရှုလိုက်တော့ သူကပဲ ဒုက္ခကလဲလက်တွေ့ဖြစ်လာတယ်။ လက်တွေ့ဖြစ်လာတဲ့အခါကျတော့ သမုဒယကလဲအနားမှာ သိနိုင်သေးရဲ့လား . . . (မသိနိုင်ပါဘူး)၊ မသိနိုင်တဲ့အချိန်မှာ ဖျက်ခနဲချုပ်သွားနိုင်တာပဲ . . . (မှန်ပါ)၊ ဒါကြောင့် စိန္တာမယကို တစ်ချိန်ထား၊ ဘာဝနာမယကိုတစ်ချိန်ထား၊ ဒါလဲ အင်္ဂုတ္တိုရ်မှာလာတယ် . . . (မှန်ပါ)၊ စိန္တာမယဆိုတာ သူ့ကို သစ္စာဆိုက်မဆိုက် ကြံနေတာ။ ဘုရားဟောထားတာကိုဆရာသမားများက ဟောတာသော် . . . ဖြစ်ထိုက်တယ်၊ အဟုတ်ကိုဖြစ်ထိုက်တယ် ဆိုပြီး သကာလ ဒီလိုမြင်လာတဲ့အချိန်ကျမှပဲ ဘာဝနာမယဘက်ကူးလိုက်ဦးမယ်ဆိုပြီး ကူးလိုက်တာပေါ့။ ကူးလိုက်တဲ့အခါ ဒါနဲ့တစ်ထပ်တည်းသွားဖြစ်တယ်။

## စိန္တာမယနှင့်ဘာဝနာမယ

ဒီတုန်းကတော့ ကိလေသာခြားနိုင်တယ်၊ ဘာဝနာမယမှာတော့ မခြားနိုင်ဘူး၊ စိန္တာမယမှာ အချိန်တွေအများကြီးအားနေတယ်။ ဘာဝနာမယကျတော့ ဝင်နိုင်သေးရဲ့လား. . . (မဝင်နိုင်ပါဘူး)၊ မဝင်နိုင်တော့ ဘာကွာသွားသတုံးဆိုတော့ တိုတိုပြောကြပါစို့၊ ဆိုတော့ ဘဝင်ကျဲတာနဲ့ ဘဝင်စိပ်တာကွာတယ် . . . (မှန်ပါ)၊ ဘဝင်ဆိုတာက စိတ်တစ်ခု၊ စိတ်တစ်ခုကြားမှာအတိတ်အာရုံပြုနေတဲ့စိတ် ကြားဝင်ခိုတာ။ အဲဒါများနေတာကစိန္တာမယ၊ အဲဒါနည်းသွားရင် ဘာဝနာမယ. . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီ)။

## ဆင်ချင်လုံးကိုရှေ့ထားပါ

ဘဝင်များသွားရင် . . . (စိန္တာမယဉာဏ်ပါ) ဘဝင်စိပ်သွားရင် . . . (ဘာဝနာမယဉာဏ်ပါ)အဲဒီတော့တွေးတုန်းတော့ဘယ်သူမဆိုပဲ ဘဝင်ကခြားခြားသွားတယ်။ အများကြီးခြားခြားသွားတယ်။ တွေးလုံးကိုဗျ . . . (မှန်ပါ ဆင်ခြင်တာပါတယ်) ဆင်ချင်တာပေါ့။ စိန္တာမယကိုးဗျ၊ ကြံစည်တယ်၊ ဆင်ခြင်တယ်တူတူပါပဲ. . . (မှန်ပါ)။

အဲဒီလိုလဲ မဆင်ခြင်ဘဲနဲ့တော့ သွားပြီးမလုပ်လိုက်ပါနဲ့၊ ဆင်ခြင်လုံးကိုလည်းရှေ့ထားပါ၊ ဆင်ခြင်လုံးကလဲ တရားနာမှရတာကိုး။ တရားမနာရင် . . . (မရပါဘူး)။

## ဖြစ်ထိုက်မဖြစ်ထိုက် ဆုံးဖြတ်ချက်ချပါဦး

အဲဒါကြောင့် ခင်ဗျားတို့ကို အခုဒီမှာ အားထုတ်လာကြတာ ဆင်ခြင်တဲ့အချိန်ကို တစ်ချိန်ထားပါ၊ ပွားများတဲ့အချိန် တစ်ချိန်ထားပါ၊ မထိုင်ခင် ဆင်ခြင်နေလိုက်ပါဦး။ ဖြစ်ထိုက် မဖြစ်ထိုက် ဆုံးဖြတ်ချက်ချပါဦး၊ သဘောကျပြီလား . . ကျပြီဆိုရင် ကဲ ဘာဝနာမယတော့ လုပ်မယ်ဆိုပြီးတော့ ဒကာ ဒကာမတွေက ဘာဝနာမယနဲ့ လုပ်လိုက်ကြလို့ရှိရင် ဒါဟာ အမြန်ဆုံးပေါက်နိုင်တယ်။ ဒါဒီနေ့ပေးတဲ့နည်းဟာ အင်မတန်အရေးကြီးပါတယ်။

ဘာဝနာမယဆိုတာ ဖြစ်ပျက်ရှုတာကိုပဲခေါ်တယ် မဟုတ်လားဘုရား။?

## ဖြစ်ပျက်ရှုတာကိုဘာဝနာမယ

အဲ . . . ဖြစ်ပျက်ရှုတာကို ဘာဝနာမယခေါ်ပါတယ်။ ကိုယ့်ခန္ဓာကြီးကို ဒုက္ခသစ္စာအစစ်ပဲလို့ စိန္တာမယနဲ့ ဆုံးဖြတ်ချက်ချပြီးမှ ပွားများယူပါ။ ပွားယူတော့ ကိလေသာကြားမခိုနိုင်တော့ဘူး . . . (မှန်ပါ)။

## ဘဝင်ခြားတာအနည်းအများ

ဒါကြောင့် ခုနက ရှင်းအောင်ပြောခဲ့ပါတယ်။ စိန္တာမယ မှာ ဘဝင်တွေများပါတယ်. . . (တစ်နည်း)၊ ဒီပြင်ကိလေသာ တွေပဲ သူဝင်ချင်ဝင်လာမှာပဲ။ဒါကတော့အနုဆုံးပြောတာ. . . (မှန်ပါ)၊ ဘာဝနာမယမှာ ဘဝင်နည်းတယ်၊ ဘဝင်အခြားနည်း ပါတယ်. . . (မှန်ပါ)၊ ဒါဖြင့် ဘဝင်အခြားနည်းတဲ့ပုဂ္ဂိုလ်နဲ့ အခြားများတဲ့ ပုဂ္ဂိုလ် ဘာထူးသတုံးလို့မေးဖို့မလိုဘူးလား . . . (လိုပါတယ်)၊ ဒါကတော့ ဒီလိုပါတဲ့။ ၁။ ဘဝင်အခြားများတဲ့ ပုဂ္ဂိုလ်ဟာ ဒုက္ခပဋိပဒါပုဂ္ဂိုလ်၊ ဒုက္ခပဋိပဒါဆိုတာ ပင်ပန်းစွာ ကျင့်ရတဲ့ပုဂ္ဂိုလ်၊ ဒန္ဓာဘိညာဆိုတာ နှေးနှေးမှရမယ့်ပုဂ္ဂိုလ်၊ ဘဝင်အခြားများရင် ဒုက္ခပဋိပဒါ၊ ဒီဘဝင်ကြောက်နေရတာ ဘဝင်အခြားများရင် ဒုက္ခပဋိပါဒါ၊ နောက်က ကိလေသာထူခဲ့လို့ ဘဝင်ကများတာကိုး . . . (မှန်ပါ)၊ ၂။ ဘဝင်အခြားနည်းသွား လို့ရှိရင် သုခပဋိပဒါပဲ။ ခိပ္ပါဘိညာသွားဖြစ်မှာပဲ။

ဒါကြောင့်နောက်က ကိလေသာကအကြောင်း။ ဘဝင်ကလဲ ကိလေသာ၏ အကျိုးဆိုတာ ခုနကပြောခဲ့တာနဲ့ စပ်သွားပြီ . . . (မှန်ပါ)၊ မစပ်သေးဘူးလား . . . (စပ်ပါတယ် ဘုရား)။

## ဉာဏ်ထက်တုန်းကြိုးစားလိုက်

အဲဒါကြောင့် ခင်ဗျားတို့ စိန္တာမယကိုလဲ လက်မလွှတ်ပါနဲ့။ စိန္တာမယကကြဲလုံးပိုင်လို့ရှိရင် ဘာဝနာမယကို ကြိုးစားဖြစ်အောင် ကြိုးစားပါဆိုတာကို ပြောရတယ်။ ဉာဏ်ထက်တုန်းကြိုးစားလိုက်လို့ရှိရင် ခရီးပေါက်နိုင်ပါလိမ့်မယ်။ ဉာဏ်မထက်ခင် စာကလဲ မရှိ၊ ဉာဏ်ပေါ်မှာလဲ အဝိဇ္ဇာတွေကဖုံး ရောဂါတွေကဖုံးနေလို့ရှိရင် ဒါဟာလုပ်ပင်လုပ်ငြားသော်လဲ ဒန္ဓာဘိညာသွားဖြစ်မယ်၊ နှေးနှေးမှရမယ် . . . (မှန်ပါ)။ တွေးလုံးနဲ့ မှန်မှန်ကြီးလုပ်လို့ရှိရင် ဆုံးဖြတ်ချက်ချပြီးမှ လုပ်လို့ရှိရင် မြန်မြန်ကြီးဖြစ်နိုင်မယ်. . . (မှန်ပါ)။

## ခင်ဗျားတို့နှစ်ယောက်ကိုဆုံးမလိုက်ပါတယ်

ဒါကြောင့် အခုခင်ဗျားတို့နှစ်ယောက်ကို ဆုံးမလိုက်ပါတယ်။ တွေးတဲ့အချိန် တစ်ချိန်ထားပါ၊ လုပ်တဲ့အချိန်တစ်ချိန်ထားပါ၊ သို့သော် အတွေးမကြာပါစေနဲ့ . . . (မှန်ပါ)၊ မြန်မြန်ဆုံးဖြတ်ချက်ချနိုင်အောင် တွေးပါ၊ ပြီးတော့ အလုပ်ချိန်များပေးပါ၊ ဒီလိုဆိုရင် မကြာပါဘူး၊ ရှင်းပြီးနော် . . . (မှန်ပါရှင်းပါပြီဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာမှာ အခု ပိဋကနည်းအခုပြောပြီးပြီး။ သဒ္ဒါတဒ္ဒေါကပြောဆဲရှိသေးတယ်။ ပြောနေတာက သဒ္ဒါတဒ္ဒေါပြောနေတာ . . . (မှန်ပါ)။

**တဏှာကအပ်ချုပ်သမား**

ဒါဖြင့် တဏှာသည် ဘာနဲ့ဆက်ပေးပေး လောကီခန္ဓာတွေကို ရုပ်နဲ့နာမ် ဆက်ပေးတာလဲသူပဲ၊ နာမ်နာမ်ချင်းဆက်ပေးတာလဲသူပဲ။ နာမ်နဲ့ရုပ်နဲ့ဆက်ပေးတာလဲ . . . (သူပါပဲ)၊ သူပဲ။ သူရှိလို့ဖြစ်ပေါ်နေကြရတာ . . . (မှန်ပါ)၊ သူမရှိလို့ရှိရင် နာမ်ရုပ်ဟာချုပ်ပြီကော . . . (မှန်ပါ)။

ဒါကြောင့် နာမ်နာမ်ချင်းဆက်ပေးတာလဲ သိဗ္ဗိနီအပ်ချုပ်သမားပဲ၊ သူပဲ တဏှာပဲ . . . (မှန်ပါ)၊ နာမ်နဲ့ရုပ်နဲ့ဆက်ပေးလိုက်တာလဲ . . . (သူပါပဲဘုရား)၊ သိဗ္ဗိနီ။ ဒါကြောင့်အနန္တရပစ္စည်းမျိုးတင် မယူပါနဲ့၊ သဟဇာတပစ္စည်းမျိုးလဲသြော် . . . တဏှာ၏စွမ်းရည်သတ္တိကြောင့်ပေါ်နေတာပဲ။ ရှင်းပြီလား. . . (ရှင်းပါပြီ)။

ဒါကြောင့် ခုနကချုံးပြီးပြောလိုက်တယ်။ ၂၄ ပစ္စည်းမှာဖြင့်မဂ္ဂပစ္စည်းတစ်ခုပဲ သူကြောက်တယ်၊ ကျန်တဲ့ပစ္စည်းဟူသရွေ့ သူခြယ်လှယ်နိုင်တယ်. . . (မှန်ပါ)၊ မဂ္ဂပစ္စည်းတော့ဆန့်ကျင်ဘက်မို့ကြောက်တယ်။ ဒီပြင်ဈာနပစ္စည်းလောက်ဆိုရင် သူကမကြောက်ဘူး. . . (မှန်ပါ)၊ ဘာဖြစ်လို့မကြောက်သတုံးဆိုတော့ ဈာန်လောက်တော့ သူကလှည့်စားနိုင်တယ်။ ရှင်းပြီးနော်. . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ . . . ဒါဖြင့်တဏှာယောက်ျားလက်သမား၏ ဆိုးရွားယုတ်မာပြုပြင်ရာကို ရုံခါမသွေ အမြဲခံနေရတယ် ဆိုတော့ ရုံခါမသွေပါနေကတည်းက ခုနကပြောခဲ့သလို စိတ်ချင်းဆက်တာလဲသူပဲ၊ ရုပ်နဲ့ဆက်တာလဲသူပဲ။

## ဘဝသစ်ကိုဖြစ်စေတာတဏှာ

ဒါဖြင့် ခင်ဗျားတို့ သန္တာန်မှာပေါ်လေသမျှဖြစ်ပေါ်သမျှ ရုပ်နာမ်ဖြစ်ပေါ်သမျှ၊ ရုပ်တွေဟူသရွေ့ သူ့လက်ချက်ချည်းပဲလို့ ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ)၊ ဘာကြောင့်ဆရာဘုန်းကြီး ဒါလောက်တောင်ပြောပါလိမ့်မတုံးလို့ ခင်ဗျားတို့မေးတော့ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာဆိုတဲ့ဥစ္စာဟာ ရှင်းရှင်းပြောတော့ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ ဘဝသစ်ကိုဖြစ်စေတယ်ဆိုတဲ့ ဥစ္စာ အကုန်ပဲ . . . (မှန်ပါ)၊ ဘဝသစ်ဖြစ်စေတယ်ဆိုတာ အခု ခင်ဗျားတို့ဟာ ဘဝသစ်ပဲ၊ ဟိုဘက်ဘဝကမရှိခဲ့ဘူး၊ ဒီဘက်မှာ ဘဝသစ်မကျဘူးလား၊ အဲဒီတော့ ဘဝသစ်လုပ် ထားတာ ဘယ်သူတုံးမေးလိုက်ပါလား၊ ယာယံတဏှာလို့ ဖြေရ မယ်၊ အကြင်တဏှာပဲ. . . (မှန်ပါ)။

## ဝိပဿနာမလုပ်လို့မဂ်မဆိုက်သေးရင်

ဒါအခုခင်ဗျားတို့က ဝိပဿနာမလုပ်လို့ မဂ်မဆိုက်သေးလို့ရှိရင် ပေါ်နေဘဲ့ဝိကာတဲ့၊ နောင်တစ်ဖန်ဘဝလာလိမ့်ဦးမယ်ပြောတာပဲ . . . (မှန်ပါ)၊ ဘာကြောင့်တုံးဆိုတော့ နန္ဒိရာဂ သဟဂတာတဲ့ အခုရထားတာကြီးကို ဒုက္ခသစ္စာမှန်းမသိတော့၊ နှစ်သက်တယ်ဆိုတော့ နောက်ရတာတွေလဲနှစ်သက်မှာပဲ . . . (မှန်ပါ)၊ အဲဒါကြောင့် နန္ဒိရာဂ သဟဂတာတဲ့ နှစ်သက်ခြင်းနဲ့တကွဖြစ်နေတာ . . . (မှန်ပါ)၊ သူနှစ်သက်ခြင်းက မရပ်ဘူး၊ ရပ်ကဲ့လား . . . (မရပ်ပါဘူး)၊ မရပ်တာထောက်တော့မှ သိဗ္ဗိနီပေါ်လာတယ်၊ မပေါ်သေးဘူးလား . . . (ပေါ်ပါတယ်ဘုရား)၊ မရပ်တာထောက်လိုက်တော့မှ စုတိပဋိသန္ဓေဆက်စပ်တယ်၊ ကံနဲ့အကျိုးပေးတယ် စုတိနဲ့ပဋိသန္ဓေကို သူပဲဆက်ပေးတယ်၊ ကံနဲ့အကျိုးပေးတယ် . . . (မှန်ပါ)၊ သူကဆက်တယ်ဆိုတာသဘောကျပြီလား . . . (မှန်ပါ)၊ သင်္ခါရပစ္စယာဝိညာဏံ၊ ကမ္မပစ္စယော . . . ဒါတွေဟာသူကလုပ်ထားတာ . . . (မှန်ပါ)၊ ကံနဲ့အကျိုးပေးနဲ့ဆက်ပေးလိုက်တာ သူပဲမဟုတ်လား . . (မှန်ပါ)၊ သင်္ခါရနဲ့ဝိညာဏ်ကော . . . (သူပဲဆက်ပါတယ်)၊ စုတိနဲ့ ပဋိသန္ဓေကော. . . (သူပဲဆက်ပေးပါတယ်)။

## မဂ္ဂပစ္စည်းမှတစ်ပါး သူ့လက်အောက်ချည်းမှတ်

အဲဒါက ခပ်ကျဉ်းကျဉ်းပြောတာ။ အကျယ်ပြောစမ်းပါဆိုတော့ မဂ္ဂပစ္စည်းကိုချန်လှပ်၊ ကျန်ပစ္စည်းတွေဟူသရွေ့ သူအလုပ်ခိုင်းလို့ လုပ်နေရတာ။ ပေါ်ပြီလား . . . (ပေါ်ပါပြီဘုရား)၊ မဂ္ဂပစ္စည်းကိုချန်လှပ်၊ ကျန်တဲ့ပစ္စည်းတွေဟူသရွေ့ဖြင့် သူ့လက်အောက်ချည်းမှတ်ပါ။

လောကီဥပမာပြောကြပါစို့ဆိုလို့ဆိုရင် ဘုရားကို စစ်တိုက်တော့ မာရ်နတ်ကြီးဟာ အကုန်ခေါ်လာတာပဲ။ သူ့လက်အောက်တွေကိုး။သူ့ဘက်ကသက်သေလိုက်ကြတာပဲ။ ဗောဓိပင်မှ ပလ္လင်ဟာ ဘုရားပလ္လင်မဟုတ်ဘူး။ မာရ်နတ်ကြီး ပလ္လင်ပါတဲ့ သူ့လက်အောက်ကဟာတွေကိုး . . . (မှန်ပါ)။ အဲ. . . ဒီမှာ ခင်ဗျားတို့ခန္ဓာထဲမှာဖြစ်သရွေ့ ဒုက္ခသစ္စာဟာ သူ့လက်အောက်ချည်းမှတ်ပါ။ ဘယ်သူကပြုလုပ်တဲ့ ဒုက္ခသစ္စာ ရယ်လို့မဆိုပါနဲ့။ သူလုပ်တဲ့ဒုက္ခချည်းပဲဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ)၊ သဘောပါကြပြီလား . . . (မှန်ပါ ပါပါပြီ)။

ကောင်းပြီ ဒါဖြင့် ဒီက ဒကာ ဒကာမတွေမှာသဒ္ဓါတ သဘောကို နားလည်သွားပြီ . . . (မှန်ပါ)၊ ဟိုဘဝ၊ ဒီဘဝကို လဲ သူပြုပြင်ထားတယ်ဆိုတာ ဒါသဒ္ဓါတဟောနေတာ . . . (မှန်ပါ)၊ စုတိနဲ့ ပဋိသန္ဓေဆက်တာလဲသူပဲ။ ကံနဲ့အကျိုးပေး ဆက်တာလဲ . . . (သူပါပဲ)၊ သင်္ခါရနဲ့ဝိညာဏ်ဆက်လိုက်တာ

လည်း. . . (သူပါပဲဘုရား)၊ သောကပရိဒေဝစသည်နဲ့ အဝိဇ္ဇာ သင်္ခါရဆက်လိုက်တာကော . . . (သူပါပဲ)၊ သူပဲဆိုတဲ့အပိုင်းဖြစ် အောင် ချုပ်တတ်တာသူပဲ။ သတ္တဝါတွေအဝိုင်းဖြစ်အောင် ချုပ်တတ်တယ်။ လူ့ဘဝကနေ ခွေးဘဝ၊ ငှက်ဘဝ၊ ကြက်ဘဝ စသည်နဲ့ ဝိုင်းပြီးတော့ ဘဝတွေဘယ်သူ့ဘယ်သူမှ မပြတ်ရ အောင် စုတိပဋိသန္ဓေနဲ့ကံနဲ့အကျိုးပေးရောသင်္ခါရနဲ့ဝိညာဏ် ရောဆက်လိုက်တော့ ဝိုင်းသွားတာပဲ . . . (မှန်ပါ)၊ ဒါကြောင့် ဝဋ္ဋဆိုတာအလုံးအဝိုင်းကို ဆိုပါတယ်။ သဘောကျပြီလား . . . (ကျပါပြီ) လုံးနိုင်တယ် ဝိုင်းနိုင်တယ်၊ ဘယ်သူတုံးလို့ လက်သည် ရှာတော့မှ သူ့ကိုပဲသွားတွေ့တယ် . . . (မှန်ပါ)။

## တွေးလုံးလာပြီးမှပွားလိုက်ပါ

ကျုပ်တို့ဝိုင်းချင်လို့ဝိုင်းရတာလား သူဝိုင်းပေးလို့လား . . . (သူဝိုင်းပေးလို့ပါဘုရား)၊ ဒါဖြင့် သူပြုပြင်ရာကျုပ်တို့ခံနေ ရတာပေါ့ . . . (မှန်ပါ)။

ဒါဖြင့် သခ်တသဘောသည်ကားလို့ဆိုလို့ရှိရင်ဖြင့် ဩော် . . . ဒုက္ခသစ္စာကြီးဟာ ဘယ်နှယ့်ကြောင့် ဒုက္ခသစ္စာ ဖြစ်နေပါလိမ့်မလဲဆိုတော့ တဏှာပြုပြင်ရာခံနေရလို့ဆိုတဲ့ တွေးလုံးကို ဒါပဲမှတ်ထားပါ . . . (မှန်ပါ)။

## သူချုပ်သွားရင် နိဗ္ဗာန်ပေါ်လာတယ်

အဲဒီဒွေးလုံးလာပြီးတော့မှ မင်းသန္တာန်မှာကွာ ခဏခဏသေ ခဏခဏဖြစ် ခဏခဏပျက်နေတာ ဒုက္ခ ကြီး ကျယ်လိုက်တာ။ ဘယ့်နှယ်ကြောင့် ဒီဒုက္ခကြီးအဆက်မပြတ် ပါလိမ့်မတုံးလို့ ကြည့်လိုက်စမ်းပါ၊ ဪ . . . တဏှာသိဗ္ဗနီလို့ ဘုရား အဟောသားပဲ၊ ရှေ့ဒုက္ခနဲ့ နောက်ဒုက္ခကို ဆက်ပေး တယ်၊ အဲဒီလိုတွေးပါ၊ တွေးပြီးတော့မှ တွေးလုံးပိုင်ပလား၊ သံသယဝိစိကိစ္ဆာချုပ်ငြိမ်းပလား၊ ဆရာပြောတဲ့အတိုင်း ဘုရားဟောကို ယုံကြည်ပြီလား၊ ယုံကြည်ပြီးသည်၏ အခြားမဲ့၌ အလကား မနေပါနဲ့၊ပွားလိုက်ရင် ဒီအတိုင်းပေါ်တယ် . . . (မှန်ပါ)၊ ဒီအတိုင်းပေါ်ရင် ချက်ချင်းဆုံးဖြတ်ချက်ချ ဆုံးဖြတ်ချက်ချသည်နဲ့ တစ်ပြိုင်နက်တည်း သူချုပ်သွားရင် နိဗ္ဗာန်ပေါ်လာတာ ပဲ။ နိဗ္ဗာန်ကိုမြင်ရတာပဲ . . . (မှန်ပါ)။

## ဒီနှစ်လုပ်ကိုအမြဲထားပါ

ဒါကြောင့် ခင်ဗျားတို့တစ်ခါတလေ တွေးရမယ်၊ တစ်ခါတလေ ထပြီးရှုရမယ်၊ ဒီနှစ်လုပ်ကို အမြဲထားပါ၊ တွေးတဲ့အချိန်တစ်မျိုး၊ ရှုတဲ့အချိန်တစ်မျိုး . . . (မှန်ပါ)၊ ဒါအမြဲ တမ်းသုံးရမှာပဲ၊ ဘုရားအလောင်း၊ သူတော်ကောင်းတွေ ဒီအတိုင်းသုံးတာပဲ။

## အတွေးမသန့်ရင် ဉာဏ်မမှန်ဘဲရှိတတ်တယ်

ဒါမပါရင်လဲမရဘူး၊ အတွေးမသန့်လို့ရှိရင်လဲ ဟိုက ဉာဏ်မမှန်ဘဲရှိတတ်တယ် . . . (မှန်ပါ)၊ ဒါသိပ်အရေးကြီးပါ တယ်၊ ရှင်းပြီးနော် . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့်ဒီနေ့သစ္စာနှစ်ခုပြီးသွားတယ်၊ ဒုက္ခသစ္စာမှာ လေးချက်ရှိတဲ့အနက်က နှစ်ချက်ပြီးသွားတယ် . . . (မှန်ပါ)။

ကောင်းပြီ၊ ဒါဖြင့် ဒုက္ခသစ္စာကိုညှာတာမဖက် အမြဲနှိပ် စက်တယ်ဆိုတော့၊ ဘယ်သူများ နှိပ်စက်ပါလိမ့်မတုံး ကောက် မေးတဲ့အခါကျတော့ ဆုတောင်းထားတဲ့ ပုဂ္ဂိုလ်ကို နှိပ်စက်တယ် လို့ တစ်ချက်မှတ်၊ ဆုတောင်းထားလို့ရှိရင်၊ ဆုတောင်းပြည့် အောင်လုပ်ပေးနေတာက တဏှာ . . (မှန်ပါ)၊ ဆုတောင်းထား တဲ့ပုဂ္ဂိုလ်ကိုနှိပ်စက်တာက၊ နှိပ်စက်ခြင်းကြောင့်လဲ ဒုက္ခ သစ္စာသဘောကျပြီလား . . . (ကျပါပြီ) ဆုတောင်းထားတဲ့ ပုဂ္ဂိုလ်၏ အလိုကိုမပြည့်မရှိအောင် အမြဲတမ်းပြုပြင်ပေးနေတာ ကလဲ တဏှာပဲ။ သဘောပါပြီလား . . . (မှန်ပါ)။

## ဝိပဿနာရှုတယ်ဆိုတာ

ဆုတောင်းထားတဲ့ပုဂ္ဂိုလ်ကို နှိပ်စက်တာလဲ . . . (တဏှာပါပဲ)၊ အဲဒါကပိဋကနဋကလာတယ် . . (မှန်ပါ)၊ ဆုတောင်းထားတဲ့ ပုဂ္ဂိုလ်ကို ဒုက္ခကြားမညှပ်ရအောင်

ဆက်လက်ပေးနေတာ . . . (တဏှာပါပဲ)၊ သူပဲလုပ်တာပဲဆို သဖြင့် ကျုပ်တို့က သူလုပ်တဲ့ဒဏ်ရာကိုကြည့်ဖို့ဟာက ဝိပဿနာ။ အလုပ်သမားကိုမကြည့်ပါနဲ့ဦး၊ အလုပ်သမား၏ လုပ်ထားတဲ့ဒဏ်ရာကိုကြည့်ပါ . . . (မှန်ပါ)၊ အလုပ်သမား ကလဲ ချုပ်သွားတာပဲ။ ကျုပ်တို့ဝိပဿနာရှုတယ်ဆိုတာ သူ့ဒဏ်ရာကိုကြည့်တာ . . . (မှန်ပါ)၊ သဘောကျပလား . . . (ကျပါပြီ)။

ဘယ်သူ့ဒဏ်ရာကိုကြည့်တာတုံး . . . (အလုပ်သမား ရဲ့ ဒဏ်ရာကိုကြည့်တာပါ) အလုပ်သမား၏ လက်ချက်မိနေ တာကိုး . . . (မှန်ပါ)၊ ဆေးရုံမှာဘယ်လောက်ပြသွားတယ်၊ တိုင်းသလိုပေါ့ဗျာ။ ရိုက်သွားတဲ့လူတော့ ဘယ်မှာရှာတွေ့မလဲ။ နောက်မှသာတွေ့ချင်တွေ့မှာပေါ့. . . (မှန်ပါ)၊ ဖမ်းလို့မမိသေး ခင်တော့ ဒီဒဏ်ရာပဲတိုင်းနေရမှာပဲ. . . (မှန်ပါ)။

## နှိပ်စက်တတ်သောကြောင့်ဒုက္ခသစ္စာ

ဒါဖြင့်နှိပ်စက်တတ်သောကြောင့်လဲ ဒုက္ခသစ္စာ၊ သဘောကျပြီလား . . . (ကျပါပြီ)၊ ပြုပြင်မှုအမျိုးမျိုးခံနေရတာ ကြောင့်လဲ . . . (ဒုက္ခသစ္စာပါ)၊ အဲ . . . ပြုပြင်မှုအယုတ် တမာတရားတို့၏ ပြုပြင်မှုကို အမျိုးမျိုးခံနေရသောကြောင့်လဲ ဒုက္ခသစ္စာ. . . (မှန်ပါ)၊ နောက်ဟာကအကြောင်းနဲ့ တကွ

ပြတယ်. . . (မှန်ပါ)၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)၊ မထူးခြားဘူးလား. . . (ထူးခြားပါတယ်)။

ဘာလုပ်နေရသတုံး. . . (ပြုပြင်သလိုခံနေရပါတယ် ဘုရား) ၊ ကိုယ့်သဘောပါရဲ့လား . . . (မပါပါဘူး)။

## ပြုပြင်သလိုခံရသောကြောင့် ဒုက္ခသစ္စာ

ပြုပြင်သလိုခံတာကတော့ ခံရပါစေတော့ သူက အရမ်း ပြုပြင်တာလား . . . ကိုယ်ကအနိုပ်စက်ခံချင်လို့လားလို့မေးပြန် တော့ ဘယ့်နှယ်ဖြေပါ့မတုံး . . . (အနှိပ်စက်ခံချင်လို့ပါဘုရား)၊ အဲဒီကျတော့ ပီဠနဋ္ဌလဲသွားတယ်. . . (မှန်ပါ)၊ ပီဠနဋ္ဌကိုလဲ သွားပါ။ ဒီနှစ်ချက်ကို ပိုင်နေအောင် ခင်ဗျားတို့ ဒီနေ့တွေးပါ၊ တွေးပြီးတော့မှ အားထုတ်ပါ . . . (မှန်ပါ)။

ဆုတောင်းထားတဲ့ပုဂ္ဂိုလ်ကို ဆုတောင်းပြည့်အောင် နှိပ်စက်ညှင်ပန်းတာလဲသူပဲ၊ သဘောကျပြီလား . . . (ကျပါပြီ)၊ အဲဒါပီဠနဋ္ဌပဲ။ သဘောကျပြီလား. . . (ကျပါပြီ)။

သင်္ခတဋ္ဌက ဆုတောင်ထားတဲ့ ပုဂ္ဂိုလ်ကို နောက်ကနေ ပြီး အစဉ်မပြတ်အားပေးပြီး နှိပ်စက်ဖို့အားပေးနေခြင်းကြောင့် လဲ အနှိပ်စက်အမြဲခံနေရတယ်ဆိုတော့ အကြောင်းပေါ် တယ်သူက။ သဘောကျပြီလား. . . (ကျပါပြီ)၊ အရင်ဟာက က အကြောင်းမပေါ်ဘူး၊ နောက်ဟာက အကြောင်းပေါ်တယ် ဆိုတာ သေသေချာချာမှတ်ပါ. . . (မှန်ပါ)။

## နှိပ်စက်တတ်၊ နှိပ်စက်အပ်နှစ်မျိုးရှိတယ်

အဲဒီလိုဆိုတော့ ဩော် . . . ဘာဖြစ်နေပါမလဲလို့ တွေးဖို့မလိုတော့ဘူး၊နှိပ်စက်တတ် နှိပ်စက်အပ်နှစ်မျိုးရှိတယ် ကိုးလို့မှတ်ပါ . . . (မှန်ပါ)၊ နှိပ်စက်အပ်ဆိုတဲ့ဥစ္စာဒကာ ဒကာမတွေက မှတ်ဖို့ရာက သူကအခံဘက်ကထားတာ . . . (မှန်ပါ)၊ နှိပ်စက်တတ်တယ်ဆိုတာက ရုပ်-ရုပ်ချင်းနှိပ်စက်တတ်၊ တေဇောကအာပေါပထဝီကို လောင်ပစ်လိုက်တယ်။ အဲဒါက နှိပ်စက်တတ်တာ. . . (မှန်ပါ)၊ နှိပ်စက်အပ်ဆိုတာကတော့ သူကဘယ်သူလာလာ လက်ခံတာကို နှိပ်စက်အပ်လို့ဆိုတယ် . . . (မှန်ပါ)။

ဒါဖြင့် နှိပ်စက်တတ်၊ နှိပ်စက်အပ်သောကြောင့်လဲ ဒုက္ခသစ္စာ. . . (မှန်ပါ)၊ မှတ်မိပြီလား. . . (မှန်ပါ)။

## ပီဠနဋ္ဌောမှာနှစ်ချက်ရှိတယ်

အနှိပ်စက်ခံရခြင်းကြောင့်လဲ . . . (ဒုက္ခသစ္စာပါ)၊ နှိပ်စက်တတ်သောကြောင့်လဲ. . . (ဒုက္ခသစ္စာပါ)၊ ဒါဖြင့် သူ့မှာနှစ်ချက်ရှိတယ်။ ဒါ ပီဠနဋ္ဌောမှာနှစ်ချက်ရှိတယ်. . . (မှန်ပါ)၊ အနှိပ်စက်ခံရသောကြောင့်လဲ ဒုက္ခသစ္စာ၊ သူတို့ သူတို့ချင်းနှိပ်စက်နေသောကြောင့်လဲ. . . (ဒုက္ခသစ္စာ)၊ ရုပ် ရုပ်ချင်းနှိပ်စက်တယ်၊ နာမ်-နာမ်ချင်းကော. . . (နှိပ်စက်ပါ

တယ်)၊ ဒီလိုသိနေခြင်းကြောင့် ဒါဟာ ဒုက္ခသစ္စာပါပဲ။ ပေါ်ပြီလား . . . (ပေါ်ပါပြီ)။

ကောင်းပြီ ဒါဖြင့် သမုဒယကတော့ဒီအမြင်မဟုတ်ပါဘူး၊ သမုဒယအမြင်က ဒါမဟုတ်ပါဘူး၊ သမုဒယအမြင်ကတော့ ဩော် . . . ကိုယ်သမုဒယသစ္စာ ကိုယ်အမှားကြီးမှားခဲ့လို့ အခုတော့ဖြင့် သူစီမံသလိုခံရပဲသိတာက သမုဒယသဘောသိတာ . . . (မှန်ပါ)၊ ခုနကလို နှိပ်စက်တတ် နှိပ်စက်အပ်မဟုတ်ပြန်ဘူး သူက မခြားနားဘူးလား. . . (ခြားနားပါတယ်)။

## တွေးလုံးပိုင်မှ ကမ္မဋ္ဌာန်းခွင်ပြေးပါ

အဲ့ဒီခြားနားမှုကိုလဲ တွေးလုံးပိုင်ပါစေ၊ ဒါက စကတိုတိုလေး၊ ကိုယ့်ဉာဏ်တွေးလိုက်တဲ့အခါကျတော့ ရှည်လာလိမ့်. . . (မှန်ပါ)၊ ရှည်လာပြီတော့ကို ဆုံးဖြတ်ချက်ချနိုင်အောင်တွေးပါ၊ ဆုံးဖြတ်ချက်ချနိုင်အောင်တွေးလိုက်လို့ ဆုံးဖြတ်ချက်ချပြီးပြီဆိုရင် ကမ္မဋ္ဌာန်းခွင်ပြေးပါ. . . (မှန်ပါ)၊ ပြေးလို့ဆုံးဖြတ်ချက်ချတဲ့အတိုင်း ဟိုမှာသွားကိုက်လို့ရှိရင်၊ ကိုက်တဲ့အချိန်မှာ ခင်ဗျားကို ဒုက္ခချုပ်ပါလိမ့်မယ်၊ သဘောပါသလား. . . (ပါပါပြီ)။

**ကဲဒီနေ့ ဒီတွင်တော်ပါဦး**

**သာဓု . . . သာဓု . . . သာဓု။**